# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၉၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ သောကြာနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်လ်ဒိုက်ဗ်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၃ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာမိုဟာမက် ဝါဟိဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၈/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

### ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဇေယျာအောင် | စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဦးမောင်မြင့် | စက်မှုဝန်ကြီးဌာန |
| (၃) | ဦးအေးမြင့် | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| (၄) | ဦးသန်းဌေး | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၉/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မောင်မောင်အုန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၂၀/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစန်းလွင်အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒေသခံပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို ပိုမိုမြှင့်တင်နိုင်ရန် ဦးစားပေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းမြင့်၊ ဦးကျော်လွင်နှင့် ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် မုံရွာမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်းက ဆေးရုံ၏ သမိုင်းကြောင်းနှင့် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာမှုများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျန်းမာရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ●



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မုံရွာမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြစဉ်။ (သတင်းစဉ်)


ယနေ့ မာတိကာ

တော်ဝင်မင်းသားလေးအား ဂျော့ရှ်အလက်ဇန်ဒြားလူးဝစ်ဟု ကင်ပွန်းတပ် စာ - ၄

ဥရောပသမဂ္ဂက မြန်မာနိုင်ငံကို GSP ကုန်သွယ်မှုအထူးအခွင့်အရေး ပြန်လည်ပေးအပ်လိုက်ပြီ (ဆောင်းပါး) စာ - ၆

ရေထရက်အတွင်း ပုစွန်ကပေါ်ပေါ် ဈေးကချိုချို စာ - ၁၃

ချီဆိုရာ အလဲထိုးအနိုင်ယူခဲ့ စာ - ၁၄





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမောင်းနှင်အား

ကမ္ဘာ့စီးပွားရေးပညာရှင်များနှင့် နိုင်ငံတကာ လုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည့် အဓိကမောင်းနှင်အား (Driving Engine) သည် လယ်ယာကဏ္ဍဖြစ်ကြောင်း တညီတညွတ်တည်း ပြောဆိုလျက် ရှိကြသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ အာရှထိပ်သီးနိုင်ငံတစ်နိုင်ငံအဖြစ် အလျင်အမြန်ရောက်ရှိရန် အခြေခံကောင်းများဖြင့်လည်း ပြည့်စုံနေပေသည်။ ထို့ထက် Virgin Land ဟုခေါ်ဆိုသော စိုက်ပျိုးဖြစ်ထွန်းနိုင်သော လယ်ယာမြေဧကပေါင်းမြောက်မြားစွာ ပိုင်ဆိုင်ထားခြင်းကြောင့်ပင် လယ်ယာထုတ်ကုန်များ တင်ပို့ရောင်းချသည့် အဓိကထိပ်သီးနိုင်ငံအဖြစ်သို့ ရောက်ရှိလာရန် မဝေးတော့ပါ။

ယခုအခါ နေပြည်တော်ကို ဗဟိုပြုလျက် စက်မှုလယ်ယာမြေစနစ် စတင်ဖော်ဆောင်လုပ်ကိုင်နေကြပြီဖြစ်ပါသည်။ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရွာအနီး ဧက ၅၀၀ ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီး ဧက ၄၄၀ ကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး ဧက ၃၀၀၀ ကို လည်းကောင်း စက်မှုလယ်ယာမြေစနစ်အဖြစ် ဖော်ဆောင်လုပ်ကိုင်လျက်ရှိပါသည်။

ထို့အပြင် တောင်ငူမြို့နယ် ခပေါင်းဆည်ရေသောက် ဧက ၂၀၀၀ ကို လည်းကောင်း၊ ဖြူးမြို့နယ် ဖြူးချောင်းတမံ ဆည်ရေသောက် ဧက ၂၀၀၀ ကို လည်းကောင်း စက်မှုလယ်ယာမြေစနစ်အဖြစ် ဖော်ဆောင်လျက်ရှိပါသည်။

စက်မှုလယ်ယာမြေစနစ်သည် စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ အများစုမှာ စက်များကို အသုံးပြုလုပ်ကိုင်ခြင်းဖြစ်ပါသည်။ စက်များကိုအသုံးပြု လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းမြန်ဆန်စွာဆောင်ရွက်နိုင်ခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ သိပ္ပံနည်းကျစနစ်ကျနခြင်း၊ အထွက်နှုန်းကောင်းခြင်းစသော အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။ ယနေ့ခေတ်သည် သိပ္ပံခေတ်ကြီးဖြစ်သည်နှင့်အညီ လယ်ယာထုတ်ကုန် ထုတ်လုပ်ရေးလုပ်ငန်းခွင်တွင် စက်ကိရိယာများအသုံးပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်လုပ်လာနိုင်ပါက မကြာမီနှစ်များအတွင်း ထိပ်သီးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာရန် မလွဲနိုင်ပါ။

သို့ဖြစ်၍ လယ်ယာလုပ်ငန်းခွင်တစ်ခုတည်းသာမက ကမ္ဘာ့ပို့ကုန်အဆင့်မီ ဥယျာဉ်ခြံထွက်သီးနှံ ထုတ်ကုန်များကိုပါ သိပ္ပံနည်းကျ အမြောက်အမြား စိုက်ပျိုးထုတ်လုပ်ပြီး တင်ပို့ရောင်းချသွားမည်ဆိုလျှင် ကြီးပွားတိုးတက်သည့် နိုင်ငံအဖြစ်သို့ အမြန်ဆုံးရောက်ရှိလာနိုင်ပါသည်။ ထို့ကြောင့် မြန်မာ့စီးပွားရေး မောင်းနှင်စွမ်းအားကို မြှင့်တင်သွားကြရမည်ဖြစ်ပေကြောင်း။ ။

## ဥတုရာသီ တောကိုမှီ၏

## ပြည်တွင်းသတင်း

# သုတေသနလုပ်ငန်းများ အောင်မြင်နိုင်ရေး ကြိုးပမ်းကြရန်တိုက်တွန်း

**နေပြည်တော် ဇူလိုင် ၂၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၌ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနမှူး၊ ဌာနတာဝန်ခံများနှင့် သုတေသီများအား တွေ့ဆုံ၍ နိုင်ငံတော်အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ မူဝါဒများ၊ လမ်းညွှန်ချက်များကို အမြဲမပြတ် လေ့လာနေရန်ဖြစ်ပြီး မိမိတို့ သုတေသနလုပ်ငန်းများသည် အဆိုပါ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် Inline ဖြစ်နေရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းသေးသည်၊ ကြီးသည် အဓိကမဟုတ်ဘဲ လုပ်ဆောင်မှုရလဒ်သည် ပြည်သူလူထုအများစုအတွက် အကျိုးသက်ရောက်မှုရရှိနေစေရန်ဖြစ်ကြောင်း၊ သုတေသနဝန်ထမ်းများအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများအပေါ် အထူးကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အတွက် လိုအပ်နေဦးမည့် အခြားသောဆောင်ရွက်ရန် လုပ်ငန်းများအတွက်လည်း ပြည့်စုံသော စီမံချက်များ စနစ်တကျ ပြုစုထားရန်လိုကြောင်း၊ စီမံချက်များရေးဆွဲရာတွင် ငွေကြေးလိုအပ်ချက်နှင့် အမှန်တကယ် အသုံးပြုနိုင်မည့် အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားကြရန်နှင့် အမြဲရှင်သန်နေသော သုတေသနအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ရေးအတွက် မိမိအပါအဝင်၊ မိမိအဖွဲ့အစည်းဝင်အားလုံး၏ စွမ်းဆောင်ရည်မြှင့်မားရေး လုပ်ငန်း Capacity Building ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ဝါဆိုသင်္ကန်းကပ်

**တာချီလိတ် ဇူလိုင် ၂၅**

ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ချင်းရိုင်မြို့ မယ်ကော်ရပ်ကွက် မယ်ကော်ဘုန်းကြီးကျောင်း၌ ဇူလိုင် ၂၂ ရက် ည ၇ နာရီခွဲက ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမား သာရေး၊ နာရေးကူညီမှု အသင်းသား အသင်းသူ ၅၀ က ဦးဆောင်၍ ချင်းရိုင်ခရိုင်အတွင်းရှိ လူသုံးကုန်ပစ္စည်းစက်ရုံများ၌ အလုပ်လုပ်ကြသည့် မြန်မာများ ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆရာတော် သံဃာတော်သုံးပါးနှင့် မယ်ကော်ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေထိုင်တော်မူသော ထိုင်းသံဃာတော်အရှင်သူမြတ်တို့ကို ပင့်ဖိတ်ကာ ဝါဆိုသင်္ကန်းအစုံ ၈၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **မြင့်မိုရ်(တာချီလိတ်)**





# လားရှိုးပြည်သူများ ပလက်ဖောင်းပေါ်ကသာ သွားလာလိုကြ

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ပေါ်တွင် ပလက်ဖောင်းပေါ် ဈေးခင်းထားကြသဖြင့် လမ်းသွားလမ်းလာများသည် ကားလမ်းပေါ်မှ သွားလာနေရသည်။

လားရှိုးမြို့ဘူတာလမ်းမကြီးပေါ်ရှိ အစိုးရဘဏ်ကြီးနောက်တွင် ကုန်စိမ်းဈေးကြီးရှိသည်။ ကုန်စိမ်းဈေးကြီး ပတ်လည်ရှိ ဈေးဆိုင်ခန်းများအနက် ကုန်ခြောက်ပစ္စည်းများ၊ အလှကုန်များ ရောင်းချသော စတိုးဆိုင်တစ်ခုသည် ပလက်ဖောင်းပေါ်တွင် ပစ္စည်းများကို စုပုံ၍ ရောင်းချနေကြောင်း တွေ့ရသည်။ အဆိုပါနေရာသည် ကုန်စိမ်းဈေးဖြစ်ခြင်း၊ အစိုးရဘဏ်ရှိခြင်းကြောင့် အသွားအလာအများဆုံးနေရာတစ်ခု ဖြစ်သည်။

ထိုနေရာတွင် မြို့တွင်းပြေးဆွဲသော ယာဉ်လိုင်းဂိတ်ရှိရာ ဆန်နီကားများ၊ သုံးဘီးဆိုင်ကယ်များအပြင် ဈေးသွားဈေးလာများ၏ ဆိုင်ကယ်များရပ်နားရန်နေရာများရှိကြောင်း တွေ့မြင်ရသည်။



ပလက်ဖောင်းပေါ်ဈေးခင်းထားသူများကလူများဖြတ်သန်းမသွားနိုင်အောင် ပလက်ဖောင်းပေါ်တွင်ပစ္စည်းများ ခင်းကျင်းရုံသာမကဘဲ ၎င်းတို့၏ ဆိုင်ရှေ့မျက်နှာစာတွင်ပါ ဆိုင်ကယ်လာမရပ်နိုင်စေရန်အတွက် သစ်သားတန်းများဖြင့် ပြုလုပ်ထားသော အတားအဆီးများကို ချထားပြန်သည်။ ပလက်ဖောင်းကို ဈေးခင်းရုံသာမကဘဲ လမ်းမကြီးပေါ်အထိပါနေရာယူတားဆီးနေခြင်းအတွက် ဈေးသူဈေးသားများ၊ ဈေးဝယ်သူများက ကားလမ်းမကြီးပေါ်သို့ဆင်း၍ လမ်းလျှောက်နေရသည်။ ကားလမ်းမကြီးပေါ်မှသုံးဘီးဆိုင်ကယ်များ၊ မော်တော်ကားများ၊ ဆိုင်ကယ်များ၊ လက်တွန်းလှည်းများအကြားမှ သွားလာနေရသည့်အတွက် အန္တရာယ်များလှပါသည်။

သို့ပါသောကြောင့် လားရှိုးမြို့နေပြည်သူများသည် ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပလက်ဖောင်းကိုလူသွားလမ်းအဖြစ် အသုံးပြုလိုကြောင်းပြည်သူတို့၏ဆန္ဒကို ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှရေးသား တင်ပြလိုက်ရပါသည်။ **မမ(လားရှိုး)**

## ထင်သာမြင်သာ ပြုပြင်စရာ







ပြည်တွင်းသတင်း

## ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂၁/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**
**ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ နေပြည်တော် ကောင်စီ ကောင်စီဝင် ဒေါက်တာသန်းအောင်အား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊၂၄/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကျောက်တော် - ပလက်ဝ လမ်းပိုင်း
## အမြန်ဖောက်လုပ်ပြီးစီးသွားလာနိုင်ရန် ဒေသခံပြည်သူတို့လိုလား

ပလက်ဝမြို့နယ်သည် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်နယ်စပ်ချင်းထိစပ်နေသော မြို့နယ်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့အချိန်ထိ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဒေသဖြစ်သည်။ ရှေးယခင်က မြို့နယ်တောင်ဘက်နယ်မြေချင်းဆက်စပ်နေသည့် ရခိုင်ပြည်နယ်၏ မြို့တော်စစ်တွေမြို့နှင့် တစ်ပတ်နှစ်ကြိမ် နိုင်ငံပိုင်သင်္ဘောခရီးစဉ်ဖြင့် သွားလာခဲ့ရသည်။ ယခု မရှိတော့ပါ။

ယနေ့ကား ပလက်ဝသို့ရောက်ရန် ရန်ကုန်၊ မန္တလေး၊ စစ်တွေမြို့တို့မှ ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးဖြင့် ကျောက်တော်မြို့သို့ ဦးစွာသွားရသည်။ ယင်းမှတစ်ဆင့် လိုင်းစက်လှေဖြင့် ခရီးဆက်ရသည်။ ထို့ကြောင့် အနယ်နယ်အရပ်ရပ်သို့ သွားလာရာတွင် ကျောက်တော်မြို့သည် ညအိပ်နားခိုရာအရပ်ဖြစ်လာသည်။

ကျောက်တော်-ပလက်ဝ လမ်းပိုင်း ၃၃ မိုင် ၅ ဖာလုံကိုဖောက်လုပ်နေသည်။ ဤလမ်းခရီးကို ကျောက်တော်-ပလက်ဝလမ်းပိုင်းဖြင့် "လွယ်မည့်သွားရေး၊ မဖင့်နွှေးဖို့၊ တို့သွေးချင်းများ ရင်းနှီးဖို့" ပလက်ဝဒေသမှ သွေးချင်းညီနောင်များ၏ "တို့ဆွေတို့မျိုး၊ အကျိုးရှိဖို့၊ သွေးစည်းဖို့" ခံ့ညားထည်ဝါစွာ အမြန်ဖောက်လုပ်တည်ဆောက်ပြီးစီးရန် ဒေသခံတို့ စောင့်စားနေကြ၏။ စာရေးသူ ယခုလပိုင်းတွင် ပလက်ဝသို့ရောက်ဖြစ်ခဲ့သည်။ အပြန်တွင် ကျောက်တော်သို့ လိုင်းစက်လှေဖြင့် စုန်ဆင်းခဲ့ရ၏။ ဘဝတူ ခရီးသွားဖော်တိုင်းလိုလို ကျောက်တော်- ပလက်ဝ လမ်းပိုင်း အမြန် ဖောက်လုပ်ပြီးစီးသွားလာနိုင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

## ဒုတိယဝန်ကြီးများ ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂၂/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၂၅ ရက်)**
**ဒုတိယဝန်ကြီးများ ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ၄င်းတို့၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအေးကြူ | ပညာရေးဝန်ကြီးဌာန |
| (၂) | သူရဦးသောင်းလွင် | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂၅/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**
**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာဝင်းမြင့် | သမ္မတရုံးဝန်ကြီးဌာန(၁) |
| (၂) | ဒေါက်တာဇော်မင်းအောင် | ပညာရေးဝန်ကြီးဌာန |
| (၃) | ဦးထင်အောင် | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန |
| (၄) | ဦးမြင့်သိန်း | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| (၅) | ဦးဘရွှေ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံတစ်ဝန်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစတင်၍ စာရင်းကောက်ယူဆောင်ရွက်မည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးအတွက် အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံး ဦးစီးမှူး ဦးအောင်ရဲချိုက သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအား အသေးစိတ်ရှင်းလင်းဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊၂၃/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**
**ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်စေခြင်း**

ပြည်ထဲရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တာဝန် ပူးတွဲထမ်းဆောင်သူ ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂၆/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်အား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မော်လ်ဒိုက်ဗ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၃ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မော်လ်ဒိုက်ဗ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအဗ္ဗဒူလ်စမက် အဗ္ဗဒူလ်လာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



နိုင်ငံတကာသတင်း

# လုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့် ဆီးရီးယားမှ နှစ်ဖက်အရာရှိများ ကုလသမဂ္ဂ၌ တွေ့ဆုံဆွေးနွေးကြမည်

**ကုလသမဂ္ဂ ဇူလိုင် ၂၅**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၊ ဆီးရီးယားနိုင်ငံတွင် ပဋိပက္ခဖြစ်ပွားနေသော အစိုးရတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်နေသော လက်နက်ကိုင်အုပ်စုများမှ ထိပ်တန်းအရာရှိများ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ယခုသီတင်းပတ်ကုန်၌ ကျင်းပရန် စီစဉ်ထားကြောင်း ဗြိတိန်ဆိုင်ရာကုလသမဂ္ဂသံအမတ်ကြီးက ဇူလိုင် ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ဆီးရီးယားတော်လှန်ရေး အမျိုးသားညွန့်ပေါင်းအဖွဲ့မှ ထိပ်တန်းခေါင်းဆောင်များနှင့် အတိုက်အခံ လက်နက်ကိုင်အဖွဲ့မှ ခေါင်းဆောင်များသည် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ၌ ဇူလိုင် ၂၆ ရက်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အဖွဲ့နှစ်ဖွဲ့မှ အဆင့်မြင့်ခေါင်းဆောင်များနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုတွင် ဆီးရီးယား၌ ပဋိပက္ခဖြစ်ပွားနေမှုများ လျော့ကျပပျောက်သွားရေးအတွက် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးကာ အဖြေရှာခြင်းပင် ဖြစ်သည်။

တစ်ဖန် အပြန်အလှန်တိုက်ခိုက်နေမှုများ အဆုံးသတ်ရေး၊ လူ့ကျင့်ဝတ်များ စောင့်ထိန်းရေး၊ လူ့အခွင့်အရေးနှင့် ဒုက္ခသည်ပြဿနာများ၊ ပြည်သူများကို ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များကိုလည်း ဦးစားပေးဆွေးနွေးကြမည်ဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင် အပြန်အလှန်တိုက်ခိုက်နေမှုကြောင့် နှစ်နှစ်အတွင်း ပြည်သူ ၁၀၀၀၀၀ ခန့်သေဆုံးခဲ့ပြီး ဒုက္ခသည် ၁ ဒသမ ၈ သန်းခန့် ဘေးကင်းရာထွက်ပြေးခဲ့ရသည်။ **(ဆင်ဟွာ)**



# တော်ဝင်မင်းသားလေးအား ဂျော့ရှ်အလက်ဇန္ဒြားလူးဝစ်ဟု ကင်ပွန်းတပ်

လန်ဒန် ဇူလိုင် ၂၅

**ဗြိတိန်မင်းသားဝီလျံနှင့် ကြင်ရာတော်ကိတ်တို့မှ ဇူလိုင် ၂၂ ရက် ဗြိတိသျှစံတော်ချိန် ၁၆ နာရီ ၂၄ မိနစ်က မွေးဖွားခဲ့သော တတိယမြောက်နန်းညွန့်နန်းလျာမင်းသားလေးအား ဂျော့ရှ်အလက်ဇန္ဒြားလူးဝစ်ဟု အမည်ပေးလိုက်ကြောင်း Kensington နန်းတော်က ဇူလိုင် ၂၅ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။**

အဆိုပါအမည်ကို ဗြိတိန်ဘုရင်မကြီးကသူ၏ မြေးတော် မင်းသားလေးကို ဇူလိုင် ၂၄ ရက်က ပထမဆုံး တွေ့ဆုံစဉ် မင်းသားဂျော့ရှ်ဟုခေါ်ဝေါ်ခဲ့ခြင်း ဖြစ်သည်။ မင်းသားဝီလျံ၊ ကြင်ရာတော်ကိတ်နှင့် မင်းသားဂျော့ရှ်တို့သည် Kensingtonနန်းတော်၌ တစ်ညတာနေထိုင်ပြီးနောက် ဘက်ရှိုင်းယားရှိ ကိတ်၏မိဘများနေထိုင်ရာ နေအိမ်သို့ ရောက်ရှိလာခဲ့သည်။

ဗြိတိန်တော်ဝင်မျိုးနွယ်သည် သမိုင်းစဉ်ဆက် အမည်များကို ပေးခဲ့ကြရာတွင် မျိုးဆက်သစ်များအထိ လက်ဆင့်ကမ်းခဲ့ကြသည်။ ဘုရင်ဂျော့၏အမည်ကို ယနေ့ထိတိုင် နာမည်ယူကာ အမည်ပေးနေဆဲပင်ဖြစ်သည်။ လူးဝစ်ဆိုသည်မှာ ဖခင်မင်းသားဝီလျံအမည်၏ စတုတ္ထမြောက်အမည်စာလုံးဖြစ်သည်။ အလက်ဇန္ဒြားဆိုသည်မှာ ၄ ရာစုခေတ်က ဘုန်းတန်ခိုးကြီးမားသော အလက်ဇန္ဒြားဘုရင်၏ အမည်မှ ယူထားခြင်းဖြစ်သည်။

မင်းသားဂျော့ရှ်ကို မင်းသားဝီလျံနှင့် ကြင်ရာတော်ကိတ်တို့က တစ်လှည့်စီထွေးပိုက်ကာပြည်သူများနှင့်မီဒီယာသမားများရှေ့တွင် ဇူလိုင် ၂၃ ရက်က ပြသပေးခဲ့သည်။

ဗြိတိန်ထီးနန်းတွင် စိုးစံရမည့် တော်ဝင်မင်းသွေးနန်းညွန့်နန်းလျာမင်းသားသုံးပါးတို့ နန်းစံရမည့်အချိန်အခါနှင့် ပတ်သက်ပြီး ပညာရှင်အချို့က ဤသို့သုံးသပ်ထားကြသည်။ လက်ရှိအသက် ၆၄ နှစ်ပြည့်ပြီဖြစ်သော ချားလ်မင်းသားသည် နန်းစံဖို့အချိန်အကြာဆုံး စောင့်စားရသူဖြစ်လာမည်ဖြစ်သည်။ ၁၈၃၀ ခုနှစ်က အစ်ကိုဘုရင်ဂျော့-၄ နတ်ရွာစံပြီးနောက် အသက် ၆၄ နှစ် ၁၀ လရှိနေပြီဖြစ်သော ဝီလျံ-၄ နန်းတက်ခဲ့ရာ ထီးနန်းစံရန် အချိန်အကြာဆုံး စောင့်ခဲ့ရသော ဘုရင်အဖြစ် မှတ်တမ်းတင်ထားသည်။ ၁၁ရာစုက နန်းစံသော ပထမဝီလျံဘုရင်သည်ယခုမင်းသား ဝီလျံ၏လက်ရှိအရွယ် အသက် ၃၁နှစ်တွင် ထီးနန်းစိုးစံခဲ့ခြင်းဖြစ်သည်။

ဗြိတိန်သမိုင်းတွင် သက်တော်အငယ်ဆုံးဘုရင်မှာ ဟင်နရီ-၆ ဖြစ်သည်။ ခမည်းတော်ဘုရင် ဟင်နရီ-၅ ဝမ်းကိုက်ဝေဒနာဖြင့် ရုတ်တရက် ကံတော်ကုန်ချိန် ၁၄၂၂ ခုနှစ်၌ ဟင်နရီ-၆ နန်းမွေဆက်ခံရချိန်တွင် သက်တော်ကိုးလသားအရွယ်သာ ရှိသည်။ လူ့သက်တမ်းများပိုတိုးရှည်လာခြင်းနှင့် ဘုရင့်တန်ခိုးအာဏာသည် အဆောင်အယောင်သက်သက်ဖြစ်ပြီး နန်းလုပွဲများ မရှိတော့ခြင်းတို့ကြောင့် ထီးနန်းမျှော်အချိန်ကာလ ရှည်ကြာလာရခြင်းလည်းဖြစ်သည်ဟု ပညာရှင်များက သုံးသပ်သည်။ ဗြိတိန်သက်ဦးဆံပိုင်ဘုရင်များ၏ နန်းတက်မှုကိုအောက်တွင် ဇယားဖြင့်ဖော်ပြထားသည်။ **(ဘီဘီစီ)**






စပိန်နိုင်ငံ ဆန်တီယာဂိုမြို့ နှစ်မိုင်ခန့်အကွာရှိ ရထားလမ်းကွေ့တွင်ဖြစ်ပွားခဲ့သော လူ ၇၈ဦး သေဆုံးခဲ့သည့် ရထားလမ်းချော်မှုအား မြင်တွေ့ရစဉ်။ (ဘီဘီစီ)

# စပိန်၌ ရထားလမ်းချော်မှုဖြစ်ပွား၊ ခရီးသည် ၇၈ ဦးခန့်သေဆုံး

**မက်ဒရစ် ဇူလိုင် ၂၅**

စပိန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ခရီးသည်တင် ရထားတစ်စင်း ဇူလိုင် ၂၄ ရက်က လမ်းချော်မှုဖြစ်ပွားပြီး တိမ်းမှောက်ခဲ့ရာ ခရီးသည် ၇၈ဦးခန့်သေဆုံးပြီး ၁၃၁ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါ ရထားတွင် တွဲရှစ်တွဲပါရှိပြီး မက်ဒရစ်မြို့မှ ဂါလီစီအန်ကမ်းရိုးတန်းပေါ်ရှိ ဖာရိုးမြို့သို့မောင်းနှင်လာစဉ် ဆန်တီယာဂိုမြို့မှ နှစ်မိုင်ခန့်အကွာ ရထားလမ်းအကွေ့တစ်ခုအရောက်တွင် လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းရထားပေါ်တွင် ခရီးသည်စုစုပေါင်း ၂၁၈ ဦးခန့်ပါရှိလာခြင်းဖြစ်သည်။ ရထားလမ်းချော်မှု ဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ အကူအညီပေးရေးအဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များ အမြန်ရောက်ရှိလာပြီး ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယခု ရထားမတော်တဆဖြစ်မှုသည် စပိန်နိုင်ငံတွင် နှစ်ပေါင်း ၄၀ ခန့်အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း ဝေဖန်သုံးသပ်သူများက ပြောကြားသည်။ အစိုးရတာဝန်ရှိသူများက ယခုဖြစ်ရပ်မှာ မတော်တဆဖြစ်ရပ်ဖြစ်ကြောင်း၊ ဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ပြောကြားသည်။ **(ဘီဘီစီ)**

# ပါကစ္စတန် ထောက်လှမ်းရေးရုံး အင်အားသုံး တိုက်ခိုက်ခံရ

**ပတ်ရှ်ဝါ ဇူလိုင် ၂၅**

ပါကစ္စတန်နိုင်ငံရှိထောက်လှမ်းရေးအေဂျင်စီရုံးတစ်ရုံးကို တိုက်ခိုက်ရေးသမားများကစီးနင်းချေမှုန်းကြောင်း၊ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် ၃၀ ကျော် ဒဏ်ရာရရှိကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။

ဆင်းပြည်နယ်တောင်ပိုင်းရှိ အစောင့်အကြပ်အင်အားတောင့်တင်းသော ထောက်လှမ်းရေးရုံးသို့ တိုက်ခိုက်ရေးသမားများကထိုးဖောက်ဝင်ရောက်ပြီး လုံခြုံရေးများနှင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားသည်။

ယင်းတိုက်ပွဲတွင် သေဆုံးသူ ငါးဦးရှိပြီး အများစုမှာတိုက်ခိုက်ရေးသမားများဖြစ်ကြောင်း သိရသည်။ တိုက်ပွဲအရှိန်ကြောင့် အဆောက်အအုံများ ပျက်စီးပြိုကျခဲ့သည်။ တိုက်ပြိုတိုက်ပျက်များအောက် ပိတ်မိနေသည့်သူများရှိမည်ကို တာဝန်ရှိသူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။ **(ဘီဘီစီ)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနား၌ အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၅

**“ဖက်ဒရယ်မူ သဘောတရားနှင့် လက်တွေ့” ခေါင်းစဉ်ဖြင့် အပြန်အလှန်ဆွေးနွေးခြင်း (DEBATE) အခမ်းအနားကို နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယမန်နေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားပြီး စာရေးသူ ဆရာဦးကျော်ဝင်းက ဖက်ဒရယ်မူ သဘောတရားနှင့် လက်တွေ့ခေါင်းစဉ်ပါ စာအုပ်ရေးသားရခြင်းကို ရှင်းလင်းပြောကြားသည်။**

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်လတ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာ ဗညားအောင်မိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျံလွင်တို့က ဖက်ဒရယ်မူနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် စာရေးသူ ဦးကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစောအုန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်တို့က မေးခွန်းများမေးမြန်းကြရာ စာရေးသူက ပြန်လည်ရှင်းလင်းဖြေကြားကာ နိုင်ငံတကာဆက်ဆံရေးရာကော်မတီဥက္ကဋ္ဌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမောင်မောင်ထူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေသအတွင်း ရေကြောင်းဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံ၏ အကြီးဆုံးရှာဖွေကယ်ဆယ်ရေးသင်္ဘောရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေကြောင်းဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အကြီးအကဲများအပါအဝင် အဖွဲ့ဝင် ၆၉ ဦး လိုက်ပါလာသော အကြီးဆုံး ရှာဖွေကယ်ဆယ်ရေးသင်္ဘောဖြစ်သည့် MV. HAIXUN 01 သင်္ဘောသည် ဇူလိုင် ၂၄ ရက်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။**

MV. HAIXUN 01 ၏ ယခုခရီးစဉ်သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော(၁၁)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ၏ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ အာဆီယံနိုင်ငံများနှင့် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လည်ပတ်ခြင်းဖြစ်သည်။

ယခုခရီးစဉ်မတိုင်မီ ဩစတြေးလျနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့သို့ ကနဦးသွားရောက်လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံခရီးစဉ်ပြီးဆုံးသည့် ဇူလိုင် ၂၈ ရက်တွင် မလေးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်္ဘောသည် ဇွန် ၁၀ ရက်တွင် ရှန်ဟိုင်းမြို့မှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်သည်။



မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်အဖြစ်ရောက်ရှိလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ **အကြီးဆုံး ရှာဖွေကယ်ဆယ်ရေးသင်္ဘော MV. HAIXUN 01ကို တွေ့ရစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်ဆိုက်ရောက်စဉ်အတွင်း ဒေသတွင်းရေကြောင်းဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ၊ ချစ်ကြည်ရေး အားကစားအစီအစဉ်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

နှစ်ဖက်ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲအတွင်း Port State Control (PSC)၊ Maritime investigation ဆိုင်ရာကိစ္စရပ်များ၊ Search and Rescue(SAR)၊Maritime Security ဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့ပြင် ရာသီဥတုအခြေအနေကောင်းမွန်ပါက အဆိုပါရှာဖွေကယ်ဆယ်ရေး သင်္ဘောပေါ်ရှိ ရဟတ်ယာဉ်များဖြင့် ပင်လယ်ပြင်ကယ်ဆယ်ရှာဖွေရေးလေ့ကျင့်ခန်းများ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ MV. HAIXUN 01 သင်္ဘောသည် အလျား ၁၂၈ ဒသမ ၆ မီတာ၊ အနံ ၁၆ မီတာ၊ ရေစူး ၅ ဒသမ ၅ မီတာနှင့် ရေယာဉ်တန်ချိန်အားဖြင့် ၅၄၁၈ တန် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





ပြည်တွင်းသတင်း



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E.Mr.NGUYEN SINH HUNG အား လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.NGUYEN SINH HUNG ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

နှစ်ပေါင်း ၁၀၀ ဝန်းကျင်ရှိ အစိုးရရှေးဟောင်းအဆောက်အအုံလေးခုကို တင်ဒါခေါ်ယူပြီး တင်ဒါအောင်သည့် လုပ်ငန်းရှင်ကို ဟိုတယ်အဖြစ် လုပ်ကိုင်ခွင့်ပြုမှာဖြစ်ကြောင်း၊ လောလောဆယ် အဆောက်အအုံတစ်ခုကို ကုမ္ပဏီငါးခုစီ ပဏာမရွေးချယ်ထားကြောင်း၊ မကြာမီ အမှန်တကယ်လုပ်ကိုင်နိုင်မည့် ကုမ္ပဏီများကို အဆောက်အအုံလေးလုံးအတွက်ထပ်မံစိစစ်ရွေးချယ်သွားမှာဖြစ်ကြောင်း သိရသည်။

တင်ဒါအောင်သည့် ကုမ္ပဏီများအနေဖြင့် အဆောက်အအုံများ၏ အပြင်ဘက်ပိုင်းကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းပြီး အတွင်းပိုင်းကို ဟိုတယ်အသွင်ပြောင်းပြုလုပ်နိုင်မှာ ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရသည်ကလည်း ရှေးဟောင်းအဆောက်အအုံများကို နိုင်ငံတော်က ပြုပြင်ထိန်းသိမ်းခကုန်ကျစရိတ်တွေ သက်သာသွားမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်အနေဖြင့်ဝင်ငွေရပြီး ဟိုတယ်ခန်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

အဆိုပါ အဆောက်အအုံလေးခုမှာ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်ရှိ မြန်မာ့သွင်းကုန်ထုတ်ကုန်လုပ်ငန်း ရုံးချုပ်ဟောင်းလေးထပ်အဆောက်အအုံ(၁၉၂၀ ခုနှစ်က တည်ဆောက်ပြီး သက်တမ်းနှစ် ၁၀၀ နီးပါးရှိ)၊ ၃၂ လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးဟောင်း (၁၉၀၅ ခုနှစ်က တည်ဆောက်)၊ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးရုံးဟောင်း (၁၉၀၈ ခုနှစ်က တည်ဆောက်ပြီး နှစ်သက်တမ်း ၁၀၅ နှစ်ရှိ)၊ ဗိုလ်ဆွန်ပက်လမ်းအတွင်းရှိ ကုန်သွယ်ရေး (၅) အဆောက်အအုံဟောင်း(၁၉၃၀ ခုနှစ်က ဆောက်ပြီး သက်တမ်း ၈၃ နှစ်ရှိ) တို့ဖြစ်သည်။ အဆိုပါ အဆောက်အအုံလေးခုကို တင်ဒါစနစ်ဖြင့် ချထားမည်ဖြစ်ပြီး တင်ဒါအောင်သော ကုမ္ပဏီများက အဆောက်အအုံများ အမြန်ဆုံး ပြုပြင်ကာ ဟိုတယ်များအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်သည်။ **သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မန္တလေးမြို့ရှိ ရွှေကျောင်းကို ထိန်းသိမ်းရန်စီမံကိန်းကြေညာ

**မန္တလေး ဇူလိုင် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံ Ambassadors Fund for the Cultural Preservation (AFCP)Project တို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ ရွှေကျောင်းကို ထိန်းသိမ်းရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကြေညာခြင်းအခမ်းအနားနှင့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားအစီအစဉ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးမှ သံအမတ်ကြီး Mr.Derek J.Mitchell တို့က အမှာစကားပြောကြားကြပြီး သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းမှုအခြေအနေကို တင်ပြသည်။

မန္တလေးမြို့ရှိ ရွှေကျောင်းကို ထိန်းသိမ်းရေး စီမံကိန်းကာလမှာ ၂၀၁၃ ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိဖြစ်ပြီး အမေရိကန်နိုင်ငံ Ambassadors Fund for the Cultural Preservation - ၂၀၁၃ ရန်ပုံငွေမှ ပံ့ပိုးပေးမည်ဖြစ်သည်။ စီမံကိန်းတွင် အမေရိကန်နိုင်ငံမှကျွမ်းကျင်ပညာရှင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဥရောပသမဂ္ဂက မြန်မာနိုင်ငံကို GSP ကုန်သွယ်မှုအထူးအခွင့်အရေး ပြန်လည်ပေးအပ်လိုက်ပြီ

**အောင်စိုး(MPM)**

မြန်မာနိုင်ငံက နှစ်ရှည်လများစောင့်စားခဲ့ရတဲ့ ဥရောပသမဂ္ဂရဲ့ကုန်သွယ်မှု အထူးအခွင့်အရေးပေးစနစ် (Generalized System of Preference -GSP) ကို ပြန်လည်ရရှိခဲ့ပါပြီ။ မြန်မာနိုင်ငံကို GSP ပြန်လည်ပေးအပ်ဖို့ ၂၀၁၃ခုနှစ် ဇွန် ၁၂ရက်မှာ Irish Presidency နဲ့ ဥရောပပါလီမန် ဥက္ကဋ္ဌတို့ ပူးတွဲလက်မှတ်ရေးထိုး အတည်ပြုလိုက်တာဖြစ်ပါတယ်။ ဒီလိုလက်မှတ်ရေးထိုး အတည်ပြုလိုက်သော်လည်း လက်တွေ့ခံစားခွင့်ရဖို့တော့ လုပ်ထုံးလုပ်နည်းအရ အချိန်အနည်းငယ်စောင့်ရပါတယ်။

အခုအချိန်မှာတော့ ပိုမိုခိုင်မာတဲ့ နောက်တစ်ဆင့် တိုးတက်လာမှုကို တင်ပြနိုင်ပြီဖြစ်ပါတယ်။ ဥရောပပါလီမန်နဲ့ ဥရောပသမဂ္ဂကောင်စီတို့က ၂၀၁၃ ခုနှစ် ဇွန် ၁၂ရက် ရက်စွဲနဲ့ထုတ်ပြန်တဲ့ မြန်မာနိုင်ငံအတွက် GSP အထူးအခွင့်အရေး ပြန်လည်ပေးအပ်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၆၀၇/ ၂၀၁၃ကို ၂၉-၆-၂၀၁၃ ရက်နေ့မှာ ထုတ်ဝေခဲ့တဲ့ ဥရောပသမဂ္ဂရဲ့ တရားဝင်ဂျာနယ်မှာ ဖော်ပြပါရှိခဲ့ပြီဖြစ်ပါတယ်။ ဥရောပသမဂ္ဂရဲ့ စည်းမျဉ်းအရ တရားဝင်ဂျာနယ်မှာ ဖော်ပြပါရှိပြီး ရက် ၂၀အကြာ ၂၀၁၃ခုနှစ် ဇူလိုင် ၁၉ရက်မှာ ဒီစည်းမျဉ်းအသက်ဝင်မှာ ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ် ဇွန်လ ၁၃ရက် နောက်ပိုင်းတင်ပို့ခဲ့တဲ့ ပို့ကုန်တွေအတွက်လည်း နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုကို စတင်ခံစားခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။

## GSP ဆိုသည်မှာ . . .

ဒီနေရာမှာ အခုတလော မကြာမကြာကြားနေရတဲ့ GSP ဆိုတဲ့ ကုန်သွယ်မှုအထူးအခွင့်အရေးအကြောင်းကို ဘာသာရပ်နဲ့စိမ်းတဲ့ အများပြည်သူတွေ သဘောပေါက်နိုင်စေဖို့ အတိုချုပ်လေး ရှင်းပြချင်ပါတယ်။ GSP ဘာကြောင့် ပေါ်လာရသလဲဆိုရင် ကမ္ဘာ့နိုင်ငံတွေအကြားမှာ စီးပွားရေး ကွာဟမှုတွေသိပ်ကြီးနေတာကို ဖြေရှင်းဖို့ ကြံစည်ရာက စတယ်လို့ဆိုရပါမယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကူညီပံ့ပိုးပေးခြင်းအားဖြင့် ကမ္ဘာ့စီးပွားရေး ကွာဟမှုတွေ လျော့နည်းသွားရေး တွေ့ဆုံဆွေးနွေးနိုင်ဖို့ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုညီလာခံ (United Nations Conference on Trade and Development- UNCTAD) ဆိုတဲ့ အဖွဲ့ကြီးဟာ ၁၉၆၄ခုနှစ်မှာ ပေါ်ပေါက်လာပါတယ်။ ဒီအဖွဲ့ကြီး ပေါ်လာရတာဟာလည်း အဲဒီအချိန်က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသား ဦးသန့်ရဲ့ စိတ်ကူးစိတ်သန်းက အစပြုတယ်လို့ သိမှတ်ဖူးပါတယ်။ UNCTAD အဖွဲ့ကြီးမှာ ပုံမှန်တွေ့ဆုံဆွေးနွေးကြရင်း စီးပွားရေးကွာဟမှုကို ဖြေရှင်းနိုင်ဖို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကုန်သွယ်မှု အထူးအခွင့်အရေးတွေပေးမှ ယှဉ်ပြိုင်နိုင်မယ်။ ဖွံ့ဖြိုးမှုရှိလာမယ်ဆိုတဲ့ အယူအဆတစ်ရပ် ပေါ်ပေါက်လာပါတယ်။ ဒီလိုနဲ့ ၁၉၆၈ ခုနှစ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပတဲ့ UNCTAD အဖွဲ့ကြီးရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ GSP ဆိုတဲ့ တစ်ဖက်သတ်ကုန်သွယ်မှု အထူးအခွင့်အရေးပေးတဲ့စနစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ပါတယ်။ ၁၉၇၁ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

GSPအစီအစဉ်ရဲ့အဓိကရည်မှန်းချက်ကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ-

(က) ပြည်ပပို့ကုန်ဝင်ငွေတိုးတက်စေရန်

(ခ) စက်မှုလုပ်ငန်းများတိုးတက်စေရန်နဲ့

(ဂ) စီးပွားရေးတိုးတက်မှုနှုန်းကို မြှင့်တင်ပေးရန်ဖြစ်ပါတယ်။

## ရရှိတဲ့အခွင့်အရေး

GSP အစီအစဉ်အရ ဖွံ့ဖြိုးပြီး နိုင်ငံတွေကို ဖွံ့ဖြိုးဆဲနဲ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေက တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေအပေါ် အကောက်ခွန် (Customs Duties ) လျှော့ချပေးတာ၊ လုံးဝကင်းလွတ်ခွင့်ပေးတာတွေ ပါဝင်ပါတယ်။ GSP အခွင့်အရေးပေးတဲ့ နိုင်ငံတွေဟာ မိမိနိုင်ငံရဲ့ GSPအစီအစဉ်အတွက် ပင်ရင်းနိုင်ငံစည်းမျဉ်း ရေးဆွဲသတ်မှတ်ထားကြပြီး အဲဒီပင်ရင်းနိုင်ငံစည်းမျဉ်းနဲ့ ကိုက်ညီတဲ့ ကုန်ပစ္စည်းကိုသာ သတ်မှတ်ထားတဲ့အတိုင်း အကောက်ခွန် လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပေးပါတယ်။

## GSP အခွင့်အရေးပေးသောနိုင်ငံများ

လက်ရှိကာလမှာ ဥရောပသမဂ္ဂနဲ့ အခြားနိုင်ငံ (၁၀)နိုင်ငံက ရေးဆွဲထုတ်ပြန်ထားတဲ့ GSP အစီအစဉ် ၁၁ ခုရှိကြောင်း အန်းတက်အဖွဲ့က အသိပေးကြေညာထားပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးဟာ အကောက်ခွန်သမဂ္ဂ ဖွဲ့စည်းထားတာဖြစ်လို့ GSP အစီအစဉ်တစ်ခုတည်းကိုပဲ နိုင်ငံအားလုံးက အသုံးပြုကြပါတယ်။ ဒါ့ကြောင့် GSP အစီအစဉ်တစ်ခုစီအတွက် GSP ပင်ရင်းနိုင်ငံ စည်းမျဉ်းပေါင်း ၁၁ မျိုးရှိပါတယ်။ GSP အခွင့်အရေးပေးအပ်ဖို့ ကြေညာထားတဲ့ နိုင်ငံတွေကတော့ (၁) ဩစတြေးလျ၊ (၂) ဘယ်လာရုစ်၊ (၃) ကနေဒါ၊ (၄) ဥရောပသမဂ္ဂ၊ (၅) ဂျပန်၊ (၆) နယူးဇီလန်၊ (၇)နော်ဝေ၊ (၈) ရုရှားသမ္မတနိုင်ငံ၊ (၉) ဆွစ်ဇာလန် ၊ (၁၀)တူရကီ၊ (၁၁) အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ပါတယ်။

## GSP အခွင့်အရေးရရှိတဲ့နိုင်ငံများ

ယေဘုယျအားဖြင့် ၇၇ နိုင်ငံအုပ်စုဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေကို GSP အခွင့်အရေးပေးထားပြီး ယခုအခါ ၁၂၈ နိုင်ငံအထိ ရရှိခံစားနေပြီဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သီးသန့်ကန့်သတ်တာမျိုးလည်းရှိတတ်ပါတယ်။ ဒါ့ကြောင့် GSP အခွင့်အရေးပေးထားတဲ့နိုင်ငံကို ပို့ကုန်တင်ပို့တော့မယ်ဆိုရင် မိမိနိုင်ငံဟာ အဲဒီနိုင်ငံရဲ့ GSP အခွင့်အရေးကို ရရှိတဲ့နိုင်ငံစာရင်းမှာ ပါဝင်ခြင်း ရှိ/မရှိ ဦးစွာ လေ့လာစိစစ်ဖို့လိုပါတယ်။

## GSP အခွင့်အရေးရရှိသော ကုန်ပစ္စည်းများ

GSP အခွင့်အရေးပေးတဲ့ တစ်နိုင်ငံချင်းဟာ မိမိတို့ပေးမယ့် ကုန်ပစ္စည်းစာရင်းကို သတ်မှတ်ကြေညာထားပါတယ်။ မပေးမယ့် ကုန်ပစ္စည်းစာရင်းကိုလည်း ကြေညာထားပါတယ်။ အားလုံးကို ပေးတာမဟုတ်ပါ။ ဥရောပသမဂ္ဂကတော့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေကို EBA (Everything But Arms ) ဆိုတဲ့အစီအစဉ်အရ လက်နက်ခဲယမ်းက လွဲရင် ကျန်တဲ့ ကုန်ပစ္စည်းအားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေအတွက် အလွန်ကောင်းမွန်တဲ့ ကုန်သွယ်မှု အခွင့်ထူးကြီးလို့ဆိုနိုင်ပါတယ်။ GSP အစီအစဉ် ၁၁ ခုရှိတာကြောင့် အစီအစဉ်တစ်ခုစီမှာ အကျုံးဝင်တဲ့ကုန်ပစ္စည်းအများအပြားပါဝင်တဲ့အတွက် အသေးစိတ် ဖော်ပြနိုင်ခြင်းမရှိပါ။ သက်ဆိုင်ရာ GSP အစီအစဉ်တွေကို လေ့လာဖို့အကြံပြုလိုပါတယ်။

## GSP ပင်ရင်းနိုင်ငံစည်းမျဉ်း

ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုတာ ကုန်ပစ္စည်းတစ်ခုရဲ့ ထုတ်လုပ်ရာနိုင်ငံကို သတ်မှတ်တဲ့စည်းမျဉ်းဖြစ်ပါတယ်။ GSP အစီအစဉ်တွေရဲ့ အဓိကအရေးပါတဲ့ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်ပါတယ်။ ပင်ရင်းနိုင်ငံစည်းမျဉ်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ GSP အခွင့်အရေးရရှိတဲ့ နိုင်ငံအတွင်းမှာ အစအဆုံး အပြည့်အဝထုတ်လုပ်တဲ့ ဒါမှမဟုတ် ကုန်ကြမ်းကနေ ကုန်ချောကို သိသိသာသာ ပြောင်းလဲမှုရှိအောင် ပြုပြင်ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကိုအကောက်ခွန် လျှော့ပေါ့ကင်းလွတ်ခွင့်ပေးရာမှာ သေချာမှုရှိအောင် စည်းမျဉ်းရေးဆွဲသတ်မှတ်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပင်ရင်းနိုင်ငံစည်းမျဉ်းတွေမှာ GSP အခွင့်အရေးရခွင့်မရှိတဲ့ တတိယနိုင်ငံမှာ ထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေ တင်သွင်းလာပြီး ထပ်ဆင့်တင်ပို့တာ၊ နည်းနည်းပါးပါး အပေါ်ယံလေးပြုပြင်ပြီး ထပ်ဆင့် တင်ပို့တာတွေကို ကာကွယ်နိုင်ဖို့ တင်းကျပ်တဲ့စည်းမျဉ်းသုံးမျိုး ချမှတ် ပြဋ္ဌာန်းလေ့ရှိပါတယ်။ အဲဒီစည်းမျဉ်းသုံးမျိုးကတော့-

(၁) ပင်ရင်းနိုင်ငံမှတ်ကျောက် (Origin Criteria) နဲ့ ကိုက်ညီရန် စည်းမျဉ်း။

(၂) တိုက်ရိုက်သယ်ယူပို့ဆောင်ရန်(Direct Consignment)စည်းမျဉ်း။

(၃) ပင်ရင်းနိုင်ငံလက်မှတ်(Certificate of Origin)တင်ပြရန် စည်းမျဉ်းတို့ဖြစ်ပါတယ်။

ဥရောပသမဂ္ဂရဲ့ GSP ပင်ရင်းနိုင်ငံစည်းမျဉ်းအရတင်ပြရမယ့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ကို Form A လို့ခေါ်ပါတယ်။ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပေးတဲ့ ပင်ရင်းနိုင်ငံလက်မှတ်(GSP-Form A)တင်ပြနိုင်ရင် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်ကစပြီး မြန်မာနိုင်ငံက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေကို တင်ပို့တဲ့ ကုန်ပစ္စည်းတွေ (လက်နက်ခဲယမ်းမှအပ)အတွက် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် ၁၃-၆-၂၀၁၂ ရက်နေ့နောက်ပိုင်း တင်ပို့ခဲ့တဲ့ ပို့ကုန်အားလုံးအတွက်လည်း အကောက်ခွန်တွေ ပြန်လည်ထုတ်ပေးဖို့ တောင်းခံနိုင်ကြောင်း ဖော်ပြပါရှိပါတယ်။

ဒါကြောင့် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ဥရောပသမဂ္ဂကိုတင်ပို့မှုတွေအတွက် GSP Form A တွေကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ စနစ်တကျထုတ်ယူပြီး ဥရောပသမဂ္ဂရဲ့ ကုန်သွယ်မှုအထူးအခွင့်အရေးကို ထိထိရောက်ရောက် အသုံးချကာ ဥရောပဈေးကွက်ကို ပို့ကုန်မျိုးစုံတိုးချဲ့တင်ပို့နိုင်ကြဖို့ အသိပေးတိုက်တွန်းလိုက်ရပါတယ်။ ॥

# ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများကို B.O.Tစနစ်ဖြင့်လုပ်ကိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအားဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၂၅**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ယူဆောင်ရွက်သော လမ်းမိုင် ၂၄၆၆၉ မိုင်ရှိသည့်အနက် ၃၅၁၄ မိုင်ကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုဂ္ဂလိက လုပ်ငန်းရှင်များအား B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပြီးဖြစ်သည်။ ယခုအခါကျန်ရှိသော ၂၁၁၅၅ မိုင်ကို B.O.T စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားသည်။

B.O.T စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လိုကြောင်း လျှောက်ထားရာတွင် ဆောင်ရွက်လိုသည့် လမ်းအမည်၊ လမ်းမိုင်အရှည်နှင့် ရင်းနှီးမြှုပ်နှံမည့် ပမာဏတို့ကို ဖော်ပြရပါမည်။ ယင်းသို့လျှောက်ထားရာတွင် လမ်းမိုင်အရှည်သည် အနည်းဆုံး တစ်ဆက်တည်း မိုင်၄၀ ရှိရမည်။ လမ်းတည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း တည်ဆောက်ချိန်ကာလ သုံးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။ အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ အင်ဂျင်နီယာမှူးကြီးရုံးများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) လမ်းဦးစီး၊ နေပြည်တော်တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်သူ့ဆောက်လုပ်ငန်းရေးလုပ်ငန်း ဖုန်း-၀၆၇-၄၀၇၀၈၁၊ ၄၀၇၄၆၄၊ ၄၀၇၅၈၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**ကြည် (ရန်ကင်း)**

# ဆယ်အိမ်စုမှူးသင်တန်းဖွင့်

**ပေါက်တော ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် ပေါက်တောမြို့၌ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်တင်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူ ၃၀တို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်တင်ညွန့်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(၄၄၉)**



# ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ဟားခါးမြို့တွင် ဆောင်ရွက်

**ဟားခါး ဇူလိုင် ၂၅**



ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် ယာဉ်စည်းကမ်းကို သိရှိနားလည်ပြီး ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးနှင့် မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် ဟားခါးမြို့ ဗိုလ်ချုပ်လမ်း နာရီစင်လမ်းဆုံနှင့် အခြားလမ်းဆုံလမ်းခွများတွင် ဇူလိုင် ၂၄ရက် နံနက် ၈နာရီက ဒုရဲအုပ် စိုင်းနေအောင် ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ပြည်သူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်တိုက်မှု လျော့နည်းပပျောက်ရေး အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# တောင်သူများ မိုးခေါင်သောကြောင့် အခက်ကြုံ

**ပုသိမ်ကြီး ဇူလိုင် ၂၅**

ပုသိမ်ကြီးမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော မြို့တစ်မြို့ဖြစ်သည်။ ဆန်စပါးများအတွက် ဆည်ရေသောက်အဆင်ပြေသော်လည်း ယာမြေစိုက်ပျိုးသော တောင်သူများအတွက် မိုးကိုမျှော်၍ စိုက်ပျိုးကြရသည်။ ပုသိမ်ကြီးမြို့နယ် မင်းကန်၊ ဘုတ်၊ တောစု၊ ကံကြီး၊ ကံပြင်၊ ဘိုင်ဘင်၊ မှန်ပင်၊ ဆင်ဘွတ်ကြီး၊ ဆင်ဘွတ်ကလေး စသည့်ကျေးရွာများသည် ယာမြေအဓိကထား စိုက်ပျိုးကြသော ကျေးရွာများဖြစ်သည်။ အဆိုပါ ကျေးရွာများသည့် ပဲအမျိုးမျိုး၊ ပြောင်း၊ ပြောင်းဖူး၊ နှမ်း၊ ကြံ၊ ခရမ်း၊ ငှက်ပျောပင်များ စိုက်ပျိုးကြသည်။ ယခုနှစ်တွင် မိုးခေါင်သောကြောင့် သီးနှံပင်များအောင်မြင်မှု မရှိခဲ့ပေ။

ထိုဒေသရှိ တောင်သူတစ်ဦးက ပြောပြရာတွင် "မိုးခေါင်တာ နှစ်နှစ်ရှိပြီ၊ ယာမြေတွေအဆင်မပြေဘူး၊ ပဲစိုက်ဖို့ထွန်ယက်ထားတဲ့ ယာမြေတွေ အများကြီးပဲ၊ မိုးရွာရင်ကြဲဖို့အတွက် မိုးမျှော်နေတာ မိုးကမရွာဘူး။ စိုက်ပြီးသားအပင်တွေလည်း သိပ်မဖြစ်ဘူး။ တချို့တောင်သူတွေကတော့ အဝီစိတွင်းတွေတူးပြီး ရေတင်စနစ်နဲ့စိုက်ပျိုးကြတယ်။ အဆင်ပြေကြတယ်။ ဒါပေမယ့်ဗျာ အဝီစိတွင်းတူးဖို့ဆိုတာ မလွယ်လှဘူး၊ အောက်ခံမှာကျောက်ရှိတဲ့ယာမြေဆိုရင် တူးဖို့မလွယ်ဘူး၊ ရေတင်စနစ်နဲ့ စိုက်တယ်ဆိုတာလည်း ထွက်တာနဲ့ မကိုက်ဘူး၊ ပဲဈေးကတော့ ကောင်းပါတယ် ပစ္စည်းမရှိဘူး"ဟု ပြောပြသည်။

ပုသိမ်ကြီးမြို့နယ်တွင် ကဆုန်၊ နယုန်၊ ဝါဆိုလအတွင်း မိုးကောင်းကောင်း ရွာသွန်းခဲ့ခြင်း မရှိခဲ့ပေ။ ထွန်ယက်ထားသော တောင်သူများ မိုးမျှော်လျက်ရှိကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## လွှတ်တော်ရေးရာကဏ္ဍ

### ❒ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ

တောင်သူများသို့ ပြန်လည်ပေးအပ်မည့်မြေဧရိယာ ၂၈၃ ဒသမ ၆၉ ဧကကို တောင်သူတစ်ဦးချင်းထံသို့ ပြန်လည်ပေးအပ်လျက်ရှိရာ ယနေ့အထိ တောင်သူပေါင်း ၁၃၄ ဦး၏ မြေဧရိယာ ၂၂၃ ဒသမ ၂၃ ဧကကို ပေးအပ်ခဲ့ပြီးဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၇၉ ရာခိုင်နှုန်းကို ပြန်လည်ပေးအပ်ပြီးဖြစ်ပါကြောင်း။

မြေယာလျော်ကြေးငွေများကို ဒေသပေါက်ဈေးများဖြင့် ထပ်မံပေးလျော်လျက်ရှိရာ ယနေ့အထိ တောင်သူ ၁၀၃၇ ဦးကို မြေ ၂၈၂၇ ဒသမ ၀၁ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၂၉၁၆ ဒသမ ၇၄ သိန်း ပေးလျော်ခဲ့ပြီး ကျန်ရှိမြေယာများအတွက်လည်း မြေယာလျော်ကြေးငွေများ ဆက်လက်ထုတ်ပေးလျက်ရှိပါကြောင်း၊ မြေယာလျော်ကြေးများပေးအပ်ချိန်တွင် မြေပိုင်ဆိုင်မှု အငြင်းပွားမှုများနှင့် မြေယာလျော်ကြေးငွေပေးအပ်မှုကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်စေရန် တိုင်းဒေသကြီးမြေစာရင်းဦးစီးမှူး ဦးဆောင်သော မြေယာမှုခင်းများစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ကန့်ကွက်လွှာ ၃၈၅ စောင် လက်ခံရရှိပြီး ဖြေရှင်းပြီးစီးမှု ၃၃၅စောင်နှင့် ဆောင်ရွက်ဆဲ ၅၀ ရှိပါကြောင်း၊ နှစ်ရှည်သီးနှံပင်များ နစ်နာကြေးငွေ ပြန်လည်တိုးမြှင့်ပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တောင်သူ ၄၇၄ ဦးကို နစ်နာကြေးငွေစုစုပေါင်း ကျပ်သိန်းပေါင်း ၁၃၄၇ ဒသမ ၇၂ သိန်း ပေးချေပြီး ဖြစ်ပါကြောင်း။

#### အကောင်အထည်ဖော်

ရေတွင်းပေါင်း ၁၆၁ တွင်းအတွက် လျော်ကြေးငွေ ၂၅၂ ဒသမ ၂၀ သိန်းပေးလျော်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီး ၁၇-၇-၂၀၁၃ ရက်မှစတင်၍ ပေးလျော်လျက်ရှိရာ ယနေ့အထိ ၁၂၅ ဒသမ ၀၆ သိန်း ပေးလျော်ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းပတ်ဝန်းကျင် မြေလွတ်မြေလပ်များတွင် စိုက်ပျိုးနိုင်သောမြေဖြစ်အောင် ဖော်ထုတ်ပြုပြင်ပြီး လယ်ယာမြေဆုံးရှုံးမှုများအတွက် အစားထိုးပြန်လည် ချထားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြေးနီစီမံကိန်းပတ်ဝန်းကျင်မြေလွတ်မြေရိုင်း ၁၉၀၀ ဧကခန့်သည် မြေဆီလွှာ စမ်းသပ်စစ်ဆေးချက်များအရ စိုက်ပျိုးရန်မသင့်တော်ကြောင်း တွေ့ရှိရသည့်အတွက် စိုက်ပျိုးမြေဖော်ထုတ်ပေးနိုင်ရေး ထပ်မံရှာဖွေဆောင်ရွက်ခဲ့ရာ ဆားလင်းကြီးမြို့နှင့် ၁၇ မိုင်ခန့်ကွာဝေးသော ဘုတ်စုကျေးရွာအနီး မြေလွတ် ၁၄၅ ဧကအနက်မှ ငါးဧကအား မြေဖြတ်ခြင်း၊ မြေထိုးခြင်း၊ အပေါ်ယံမြေဆီလွှာဖြည့်ခြင်းနှင့် မြေညှိခြင်းများဆောင်ရွက်ပြီး လယ်ယာမြေဖော်ထုတ်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖော်ထုတ်ပြီးမြေယာများပေါ်တွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးသည်နှင့် ဒေသခံတောင်သူများ လာရောက်စိုက်ပျိုးလိုစိတ်များဖြစ်လာစေရေးအတွက် စပျစ်၊ နဂါးမောက်သီး စသည့် စိုက်ခင်းများ စိုက်ပျိုးပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သိမ်းဆည်းမြေယာများတွင် ပါဝင်သွားသော ကျေးရွာ ၂၆ ရွာမှ တောင်သူ ၃၅ ဦးကိုလည်း မိတ္ထီလာ၊ ရမည်းသင်း၊ တပ်ကုန်းနှင့် နေပြည်တော်ဒေသများရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပျစ်၊ နဂါးမောက်စိုက်ပျိုးရေးခြံများနှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများကို လေ့လာရေးခရီးစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုဆန်းစစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုစီမံချက်တို့ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ဩစတြေးလျနိုင်ငံအခြေစိုက် Kinght Pie'sold (K.P) Consulting ကုမ္ပဏီနှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်တို့ စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိပြီး ESIA အပြီးသတ်အစီရင်ခံစာကို ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော်ရေးအဖွဲ့အနေဖြင့် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်များရရှိရေး၊ စာချုပ်ပြန်လည်ချုပ်ဆိုရေး၊ ပြောင်းရွှေ့ကျေးရွာသစ်များအတွက် အိမ်များအဆင့်မီအောင် ပြန်လည်ပြုပြင်တည်ဆောက်ပေးရေး၊ မိသားစုဝင်များ အလုပ်အကိုင်ရရှိရေး၊ ဆာလ်ဖျူရစ်အက်စစ်စက်ရုံအတွက် စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိရေး၊ စီမံကိန်းနယ်မြေဝန်းကျင်ရှိကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး စသည့်အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ကြိုးစား၍ဆောင်ရွက်နေသော်လည်း ဒေသခံကျေးရွာ လူထုသည် ၎င်းတို့၏လယ်ယာမြေများ လျော်ကြေးပေး သိမ်းဆည်းခံရမှုနှင့် ကျေးရွာများရွှေ့ပြောင်းပေးရမှုပေါ် မကျေလည်သည့်အတွက် ၎င်းတို့၏ဆန္ဒကို ရိုးသားစွာ ထုတ်ဖော်ပြောဆိုရာမှ ဒေသခံမဟုတ်သော နစ်နာဆုံးရှုံးမှုလည်း မရှိသော ဒေသအသီးသီးမှ နိုင်ငံရေးအရောင်ဆိုးသူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ၃-၃-၂၀၁၃ ရက်မှ ယနေ့အထိ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေအရ တရားဝင်ခွင့်ပြုချက်ရယူကာ စီတန်းလှည့်လည်ဆန္ဒပြမှု ၁၉ ကြိမ်နှင့် တရားဝင်တင်ပြခြင်းမရှိဘဲ ဥပဒေကို ချိုးဖောက်ဖျက်ကျူးလွန်၍ လူစုလူဝေးဖြင့် လှုပ်ရှားမှုပေါင်း ၄၉ ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်ပြီး မိမိတို့ကော်မတီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုဝန်းကျင်ဆိုင်ရာတာဝန်ယူမှု CSR (Coporate Social Responsibility) ကို မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်းများနှင့် နားလည်မှုရှိရှိ ညှိနှိုင်းပူးပေါင်းကာ နိုင်ငံတော်သမ္မတကြီး၏ မူဝါဒအတိုင်း "ဖွံ့ဖြိုးရေးနှင့်လူမှုပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒွန်တွဲဖော်ဆောင်ရေး" လမ်းကြောင်းသစ်ကို ဤကြေးနီစီမံကိန်းမှ အစပြုပြီး အတုယူစရာစံနမူနာပြဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။



ရေဖြူ မဲဆန္ဒ နယ်မှ ဦးဝင်းဦး။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါအကြံပြုချက်များအရ စီမံကိန်း၏ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်း သဘောတူစာချုပ်အား ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုနိုင်ရန် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၊ ပညာရှင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့၏ အကြံပြုချက်များရယူပြီး ပြင်ဆင်ချက်စာချုပ်ချုပ်ဆိုနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

#### ဆုံးဖြတ်ချက်ရယူ

ဇူလိုင် ၃ ရက်မှ ၁၁ ရက်အတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သို့ စာချုပ်(မူကြမ်း)အားစိစစ်ခြင်း၊ သဘောထားမှတ်ချက်တောင်းခံခြင်းနှင့် ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ဆုံးဖြတ်ချက်ရယူခြင်းများဆောင်ရွက်ခဲ့ပါကြောင်း။

ပြင်ဆင်ချက်စာချုပ်၌ အဓိကထည့်သွင်းချုပ်ဆိုချက်များတွင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့(၃)ခုသည် စာချုပ်ဝင်အဖြစ် ပါဝင်ချုပ်ဆိုထားပါကြောင်း၊ ချုပ်ဆိုသည့်စာချုပ်ကို နိုင်ငံတော်အတွက် အကျိုးပြည့်ဝစွာရရှိစေရန် ပြင်ဆင်စာချုပ်၏ အပိုဒ်(၂)တွင်ထည့်သွင်းချုပ်ဆိုထားပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု သုံးသပ်ချက်နှင့်ပတ်သက်၍ ပြင်ဆင်စာချုပ်၏ အပိုဒ်(၉)၊ (၁၀) နှင့် (၁၁)တို့တွင် ထည့်သွင်း ချုပ်ဆိုထားပါကြောင်း၊ လူမှုရေး သုံးသပ်မှုအချက်အလက်နှင့်ပတ်သက်၍ ပြင်ဆင်စာချုပ်၏အပိုဒ် (၁၂)၊(၁၃)၊(၁၄)၊(၁၅)နှင့် (၁၆)တို့တွင်ထည့်သွင်း ချုပ်ဆိုထားပါကြောင်း။

ကြေးနီသတ္တုတွင်း၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်ကို ပြင်ဆင်သည့်သဘောတူ စာချုပ်ချုပ်ဆိုခြင်းဖြင့် နိုင်ငံတော်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ခြင်းအစီရင်ခံစာ(ESIA)၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက် (EMP)၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် (OHSAS)၊ ISO-14001:2004 သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ်၊ ISO- 9001:2008 ထုတ်လုပ်မှုစီမံခန့်ခွဲခြင်းဆိုင်ရာလက်မှတ်၊ OHASA 18001:2007 လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ်များရရှိအောင် ဆောင်ရွက်သွားရန်ဟူသည့် အချက်အလက်များ ထည့်သွင်းချုပ်ဆိုခဲ့ပါကြောင်း။

ယခုပြင်ဆင်သည့်စာချုပ်အရ အကျိုးအမြတ်အပေါ် နိုင်ငံတော်အနေနှင့် (အခွန်ငွေများအပါအဝင်) ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေနှင့် ၁၉ရာခိုင်နှုန်း၊ ဝမ်ပေါင်ကုမ္ပဏီအနေနှင့် ၃၀ ရာခိုင်နှုန်း ခွဲဝေထားရှိပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် လက်မှတ်ရေးထိုးမှုဆုကြေးငွေ အမေရိကန်ဒေါ်လာငါးသန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံမှ ရရှိမည်ဖြစ်ပါကြောင်း၊ သတ္တုတွင်း ပြန်လည်အပ်နှံရေးနှင့် သတ္တုတွင်းပိတ်သိမ်းရေးအနေဖြင့် ပြင်ဆင်သည့်စာချုပ်အရ ပြန်လည်ထူထောင်ခြင်းလုပ်ငန်း (Mine Reclamation) ဆောင်ရွက်ရန် ဝမ်ပေါင်ကုမ္ပဏီက နှစ်စဉ် အမေရိကန်ဒေါ်လာနှစ်သန်းအား မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (သို့မဟုတ်) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် Escrow Account ဖွင့်လှစ်၍ ထည့်ဝင်သုံးစွဲသွားမည်ဖြစ်ပါကြောင်း။



ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ် (၉) မှ ဒေါက်တာခင်ရွှေ။

#### သုံးစွဲသွားမည်

လူမှုရေးတာဝန်ယူမှု CSR လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအနေဖြင့် ပြင်ဆင်သည့်စာချုပ်အရ ထုတ်လုပ်မှုလုပ်ငန်းများမစတင်မီ တည်ဆောက်ရေးကာလတွင် ဝမ်ပေါင်ကုမ္ပဏီက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာတစ်သန်းထည့်ဝင်မည်ဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်း စတင်လည်ပတ်ချိန်မှစတင်၍ စာချုပ်ဝင်များက နှစ်စဉ်အသားတင်အမြတ်၏(၂)ရာခိုင်နှုန်းအား CSR လုပ်ငန်းများအတွက် အချိုးကျထည့်ဝင် သုံးစွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့ တင်ပြရာတွင် ယခုဆောင်ရွက်ကြမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်သည် ပြည်ထောင်စုလွှတ်တော်ကသာ ဆောင်ရွက်သင့်သည့် အကြောင်းအရာဖြစ်သည်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကို ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ဝင်ဦးရေ တူညီစွာပါဝင်ပြီး လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီဝင်အားလုံးမှ ကိုယ်စားလှယ်တစ်ဦးစီ အနည်းဆုံးပါဝင်ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ဦးရေ အချိုးကျ အမည်စာရင်းများတောင်းခံခဲ့ရာ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်သုံးဦးက သီးခြားစီအမည်စာရင်းပေးပို့လာသည့်အတွက် မူလလျာထားမှုထက်နှစ်ဦးပိုမိုပြီး အဖွဲ့ဝင် ၁၀၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားတင်ပြထားခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကို လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအသီးသီးနှင့် တပ်မတော်သား ကိုယ်စားလှယ်အစုအဖွဲ့တို့က အမည်စာရင်းပေးပို့ထားသော လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၁၀၉ ဦးဖြင့် ပဏာမဖွဲ့စည်းထားပါကြောင်း၊ လွှတ်တော်က အတည်ပြုပြီးပါက ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာပါလုပ်ငန်းတာဝန်များအတိုင်း ပူးပေါင်းကော်မတီက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

#### ရယူအတည်ပြု

နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်အလိုက် ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

အဆိုပါဥပဒေကြမ်းအား ဝင်ရောက်ဆွေးနွေးခဲ့သော ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက ၎င်း၏အမြင်ကို ပြောကြားရာတွင် "သမ္မတကြီးရဲ့မှတ်ချက်နဲ့လည်းညီအောင် ဥပဒေကြမ်းရေးဆွဲတဲ့ ကော်မရှင်နဲ့လည်းညီအောင် လုပ်ပေးဖို့တင်ပြတာဖြစ်ပါတယ်၊ နိုင်ငံမှာ နိုင်ငံသားတွေလုပ်ကိုင်နေတာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေက များပါတယ်၊ အကြီးစားစီးပွားရေးလုပ်ငန်းတွေက နည်းနေပါတယ်၊ အတိုးနှုန်းလျှော့ချဖို့ အစီအစဉ်ကိုလည်း ဘဏ်တွေကမလုပ်နိုင်သေးပါဘူး၊ လာမယ့်၂၀၁၄ ခုနှစ်မှာ နိုင်ငံခြားကုမ္ပဏီကြီးတွေ ဝင်ရောက်လာကြပါလိမ့်မယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရ ကုမ္ပဏီကြီးတွေဝင်လာရင် ကျွန်တော်တို့ မယှဉ်နိုင်ပါဘူး၊ အဘက်ဘက်က အားနည်းနေတဲ့အတွက် နိုင်ငံသားကုမ္ပဏီတွေအနေနဲ့ ပြည်တွင်းဘဏ်တွေသာမက ပြည်ပဘဏ်တွေအထိပါ ငွေချေးယူနိုင်စေဖို့ နိုင်ငံတော်က ကူညီဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံသားပိုင်ကုမ္ပဏီတွေက ပြည်ပကုမ္ပဏီကြီးတွေကို တန်းတူယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်က ပြည်တွင်းလုပ်ငန်းရှင်တွေကို ထောက်ခံ၊ တာဝန်ယူအားပေးရမှာဖြစ်ပါတယ်၊ နိုင်ငံတော်ကပံ့ပိုးပေးပြီး လုပ်ငန်းရှင်တွေအများကြီးရှိလာအောင် အားပေးရပါမယ်၊ ဒါကြောင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအား နိုင်ငံသားများအတွက် အခွင့်အရေးပိုမိုရအောင် ဆောင်ရွက်ပေးပါလို့ပြောချင်ပါတယ် "ဟု ပြောကြားခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာခင်ရွှေကလည်း "ပြည်တွင်း ပြည်ပဘဏ်တွေမှာ ငွေချေးနိုင်အောင် ထောက်ပံ့အားပေးမှုတွေလိုပါတယ်၊ ဒီနေ့နိုင်ငံမှာဖြစ်နေတာက ပိုင်ဆိုင်မှုစုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းကိုသာ ရင်းနှီးမြှုပ်နှံမှုပြန်လုပ်နိုင်ပါတယ်၊ ဒါကြောင့် နိုင်ငံတော်မှာ ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမား မရှိတာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံကလွဲလို့ နိုင်ငံတကာမှာ နိုင်ငံသားကုမ္ပဏီတွေကို ထောက်ခံချက်ပေးထားပါတယ်၊ ခိုင်မာမှုကိုစိစစ်ပေးပြီး နိုင်ငံတော်ရဲ့ထောက်ခံချက်အရ ပြည်တွင်း ပြည်ပဘဏ်အသီးသီးမှာ ငွေချေးယူရပါတယ်၊ ကျွန်တော့်အနေနဲ့ နောင်တက်လာမယ့် စီးပွားရေးအခြေအနေနဲ့ အလယ်အလတ်တန်းစားတွေ ရင်းနှီးမြှုပ်နှံနိုင်အောင် ကူညီပံ့ပိုးပေးစေချင်ပါတယ်၊ ဥပမာ ထားဝယ်ရေနက်ဆိပ်ကမ်းလုပ်တဲ့ အီတာလျှံ(ထိုင်း)ဆိုရင်ပိုင်ဆိုင်မှုသိပ်မရှိပါဘူး၊ ဒါပေမယ့် သူ့နိုင်ငံကသူ့ကို ငွေချေးလို့ရအောင် ထောက်ပံ့ပေးထားတယ်၊ ကျွန်တော့်အနေနဲ့လည်း ပြည်တွင်းပြည်ပ ဘဏ်အသီးသီးမှာ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရေးအတွက် ထောက်ခံပေးပါ၊ ဒီလိုစိစစ်ထောက်ခံပေးမှသာ နိုင်ငံသားစီးပွားရေးသမားတွေအတွက် တစ်ခေတ်ဆန်းလာစေမှာဖြစ်ပါတယ်၊ နိုင်ငံသားအကျိုးပြုစေဖို့ ပြည်တွင်း လုပ်ငန်းရှင်တွေကို ထောက်ခံပေးနိုင်ဖို့ အဆိုပြုခဲ့ပါတယ်"ဟု ပြောပြသည်။

(သတင်းစဉ်)

---

## လားရှိုးမြို့ရှောင်လမ်း ဖောက်လုပ်

**နေပြည်တော် ဇူလိုင် ၂၅**

မူဆယ်-လားရှိုးလမ်း တစ်လျှောက်၊ လားရှိုးမြို့ရှောင်လမ်း (လားရှိုး-မူဆယ်)ပိုင်းဖောက်လုပ်နေမှုနှင့် မိုင်တိုင်(၁၀/၀)နှင့် (၁၀/၁)ကြားရှိ နမ့်မျှော်ချောင်းကူးတံတားကမ်းကပ်ခုံ ရေလယ်တိုင်လုပ်ငန်းများ တည်ဆောက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

### မြန်မာ့ရုပ်မြင်သံကြား

**၂၆-၇-၂၀၁၃(သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၄၀ **လူမှုဖွံ့ဖြိုးပြည့်အကျိုး** (အပိုင်း-၂)
၈း၀၀ ပြည်တွင်းသတင်း
၈း၂၅ အိန္ဒိယရုပ်ရှင်
**ဖြူစင်မေတ္တာ**(အပိုင်း-၈၇)
၉း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

**နေ့လယ်ပိုင်း**

၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် **အောင်မြင်သောနေ့** စိုးသူ၊ ညွန့်ဝင်း၊ စိုးမြတ်သူဇာ၊ တင့်တင့်ထွန်း (ဒါရိုက်တာ-သက်မောင်မောင်)
၁၄း၂၀ A(H7N9) တုပ်ကွေးရောဂါ အကြောင်း တွေ့ဆုံဆွေးနွေးခန်း

**ညပိုင်း**

၁၇း၁၅ Road to 27th SEA Games (အလေးမအားကစားသမိုင်းကြောင်း)
၁၈း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားရဲ့ သုခကမ္ဘာ**(အပိုင်း-၁၃)
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၄၅ ပြည်သူအတွက်ကြိုးပမ်းမှုပုံရိပ်များ
၂၁း၀၀ မြန်မာ့လေ့ရိုးရာလက်ဝှေ့
- နိုင်ငံခြားဇာတ်လမ်းတွဲ **နှိမိတ်ပုံရိပ်** (အပိုင်း-၁၉)

ပြည်တွင်းသတင်း

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော်မတီ၊ ကော်မရှင်များနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇူလိုင် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ကျင်းပသည့် ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြကာ ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

❍ *ကျောဖုံးမှ*

မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီတို့အကြား သုံးဦးသုံးဖလှယ် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ယင်းစာချုပ်အရ အကျိုးအမြတ်များခွဲဝေမှု၌ နိုင်ငံတော်က ၅၁ ရာခိုင်နှုန်း၊ မြန်မာ-ဝမ်ပေါင် ကုမ္ပဏီက ၃၀ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က ၁၉ ရာခိုင်နှုန်း အကျိုးအမြတ်များခွဲဝေရရှိကြရန် သဘောတူကြပြီး နိုင်ငံတော်က လက်မှတ်ရေးထိုးမှု ဆုကြေးငွေ အမေရိကန်ဒေါ်လာ ငါးသန်း ရရှိခဲ့ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်စပ်လျဉ်း၍ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများအပေါ် ထားရှိသည့် သဘောထားအမြင်များအား ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်အချို့ထံ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးခင်မောင်ရီ**
**(ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်-၆)**

စာချုပ်မှာပါဝင်တဲ့ သဘောတူညီချက်တွေက ရေရှည်စီမံကိန်းချပြီး အကျိုးရှိအောင် ဆောင်ရွက်ရမှာပါ။ ဥပဒေသမားတစ်ယောက်အနေနဲ့ပြောရရင် ဟာကွက်မရှိသလောက် ကောင်းမွန်ပါတယ်။ အမှန်တကယ် အကောင်အထည်ဖော်နိုင်မယ်ဆိုရင်တော့ လက်ပံတောင်းတောင်စီမံကိန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံရေး စီမံကိန်းတွေထဲမှာ စံပြဖြစ်လာမှာ မလွဲပါဘူး။ ဒါပေမယ့် ကုမ္ပဏီဘက်ကရော၊ နိုင်ငံတော်ဘက်ကပါ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။

**ဦးသန်းမြင့်**
**(ဆားလင်းကြီးမဲဆန္ဒနယ်)**

စီမံကိန်းကို နိုင်ငံတော်က နိုင်ငံတကာအမြင်နဲ့ ပြန်ပြီး စာချုပ်ချုပ်ဆို အကောင်အထည်ဖော်ပေးပါတယ်။ အဲဒါကလည်း ပြည်သူတွေအတွက်ဖြစ်ပါတယ်။ စနစ်လည်းကျနပါတယ်။ ကျွန်တော်မကြာခင်က ဒေသကို ပြန်သွားပါတယ်။ ကျွန်တော်တို့အရပ်မှာ လူဦးရေ ၁၈၅၀၀၀ ဝန်းကျင်ရှိပြီး ဆန္ဒပြသူအရေအတွက်က အနည်းငယ်သာရှိပါတယ်။ အများစုကတော့ အခုကြိုးပမ်းပြီး အဖြေရှာဆောင်ရွက်ပေးတာကို လက်ခံကြတာပါ။ ပညာအရည်အချင်းအလိုက် အလုပ်အကိုင်ပေးမယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေ၊ နေအိမ်ပြန်လည်တည်ဆောက်ပေးမှုတွေ အများကြီးလုပ်ပေးဖို့ စာချုပ်ထဲမှာပါတယ်။ အရင်က ပွင့်လင်းမြင်သာမှုမရှိခဲ့ဘူး။ ဒေသခံတိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားရပိုင်ခွင့်၊ နိုင်ငံရပိုင်ခွင့် နည်းတယ်။ အခုပြောင်းသွားပြီ။ ဥပဒေအရ ချည်နှောင်မှုတွေအများကြီးပဲ ပိုင်ဆိုင်ခွင့်ရပြီ။ နိုင်ငံတော်က ပံ့ပိုးမှုအပြင် သက်ဆိုင်ရာကုမ္ပဏီကလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေပေးရမယ်။ အမှန်က ဒီကြေးနီသိုက်ကြီးကို နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ စာချုပ်စာတမ်း နိုင်ငံတကာဥပဒေတွေနဲ့အညီ ပွင့်လင်းမြင်သာစွာချုပ်ဆိုပြီး စနစ်တကျ အကောင်အထည်ဖော်ရင် အများကြီးအကျိုးရှိမှာပါ။ ဒါနဲ့ဆက်စပ်ပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေလာမယ်။ အဓိကကတော့ ဒေသခံတွေအနေနဲ့ တရားဥပဒေစိုးမိုးရေးကို ဂရုပြုရမယ်။ လုပ်ငန်းရှင်၊ ပြည်သူမရွေး ဥပဒေအောက်မှာ လူတိုင်းရှိနေရင် အရာရာအဆင်ပြေမှာပါ။

**ဦးဌေးဦး**
**ဟသ်ာတမဲဆန္ဒနယ်**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် လွှတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့သလို ထိုကော်မရှင်က တင်သွင်းတဲ့ အကောင်းဆုံးကြည့်မြင်အကြံပေးထားတဲ့ အစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ လက်မခံနိုင်တဲ့သူလည်းရှိမှာ ဖြစ်သလို လက်ခံပူးပေါင်းသူတွေလည်း ရှိတာပါပဲ။ လက်ရှိအခြေအနေမှာ အားရကျေနပ်စရာ ကိစ္စရပ်တွေမြင်တွေ့နေရပြီ။ ဥပမာပြောရရင် လျော်ကြေးငွေတွေ ပိုရလာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာနိုင်ပါတယ်။ ဆက်လက်ပြီး အကောင်အထည်ဖော်ခွင့် ရနိုင်သလောက် ဖော်သင့်ပါတယ်။ ကော်မရှင်ရဲ့ ဆောင်ရွက်ချက်တွေအပေါ် ကျေနပ်အားရမှု ရှိပါတယ်။

**ဒေါ်ခင်စန်းလှိုင် (ပုလဲမဲဆန္ဒနယ်)**

ကျွန်မက စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် တစ်ယောက်အနေနဲ့ ကော်မရှင်ကတင်ပြမှုတွေအပေါ် အရေးတယူဆောင်ရွက်တဲ့အတွက်ရော၊ နိုင်ငံတော်က ၅၁ ရာခိုင်နှုန်းရရှိလာမယ့် အခြေအနေကိုရော ကြိုဆိုဝမ်းသာပါတယ်။ စာချုပ်ချုပ်ဆိုခဲ့တာကို အခုမှ သိရတာပါ။ စာချုပ်ထဲမှာပါဝင်တဲ့အချက်တွေကို အရင်တစ်ခေါက် စာချုပ်ချုပ်ဆိုစဉ်ကလို မဖြစ်စေဖို့၊ ပြည်သူကိုချပြဖို့၊ ထင်သာမြင်သာရှိဖို့ လိုအပ်ပါတယ်။ ဒေသတွင်းမှာ အဖွဲ့အစည်းတွေ ဖွဲ့စည်းပေးတာကို တွေ့ရပြီး အမှန်တကယ်အလုပ်လုပ်ဖို့နဲ့ ဒေသခံတွေရဲ့အသံတွေကို နားထောင်ပေးဖို့လည်း ကျွန်မအနေနဲ့ တောင်းဆိုချင်ပါတယ်။ အကြောင်းက ဒီနေ့အထိအခြေအနေတွေကို နားမလည်ဘဲ ဆန္ဒပြမှုတွေ ရှိနေပါသေးတယ်။ အဲဒီတော့ ဒေသခံတွေကို နားမလည်ရင် နားလည်အောင် ပြောရမှာပါ။ ကော်မရှင် အစီရင်ခံစာမှာပါတဲ့အတိုင်း လိုက်နာပြီး အားလုံးရဲ့အသံကို နားထောင်ဆောင်ရွက်မယ်ဆိုရင် အကောင်းဆုံးဖြစ်မှာပါ။

မြန်မာနိုင်ငံသည် စီးပွားရေးကဏ္ဍ၌ စတင် အလားအလာကောင်းခါစ ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စား လေ့လာရာနိုင်ငံတစ်ခုဖြစ်သည်။ စီးပွားရေးတံခါးဖွင့်ဝါဒနှင့်အတူ အတွေ့အကြုံနုနယ်သည့် အခြေအနေ၌ ကြိုတင်ပြင်ဆင်ထားနိုင်ရန် လိုအပ်ချက်များလည်းရှိနိုင်ပါသည်။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် မြန်မာနိုင်ငံသားတို့အတွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ရရှိရေး၊ ကျေးလက်ဒေသပြည်သူများဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စံပြအဖြစ်လည်းကောင်း၊နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် သမာသမတ်အရှိဆုံး စံပြစီမံကိန်းအဖြစ်လည်းကောင်း ဖြစ်ပေါ်လာစေရေး ဆန္ဒပြုမေးမြန်းရေးသားလိုက်ပါသည်။

---

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲနှင့် အားကစားဆိုင်ရာလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ကူညီနိုင်ရေး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းများ ဆက်သွယ်အမည်စာရင်းပေးပို့ကြရန် ထပ်မံဖိတ်ခေါ်

**နေပြည်တော် ဇူလိုင် ၂၅**

အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အဆင့်မြင့်နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင်အားကစားသမားများကို အားကစားဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုနိုင်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် မီးရှူးတိုင်သယ်ယူရေးနှင့် အားကစားဆိုင်ရာကိစ္စရပ်များ၌ ပါဝင်ကူညီနိုင်ရေးတို့အတွက် ဆန္ဒပြုအမည်စာရင်းပေးပို့ကြရန် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ဖေဖော်ဝါရီ ၁၈ ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့ရာ ယနေ့တိုင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်း ၁၄၀ ဦး၏ အမည်စာရင်း ရရှိခဲ့သည်။

မီးရှူးတိုင် (Torch) ထွန်းညှိသယ်ယူလိုသူများအနေဖြင့် ကိုယ်တိုင် ဆန္ဒပြုကြပါရန်နှင့် ၂ ကီလိုဂရမ်အလေးချိန်ရှိ Torch ကို အနည်းဆုံး မီတာ ၂၀၀ အကွာအဝေးသို့ကိုင်မြှောက်၍ အနေးပြေးနိုင်သည့် ကိုယ်၊ စိတ်ကျန်းမာရေးရှိရန်လိုအပ်ပြီး ပါဝင်ဆောင်ရွက်လိုသူ ရွှေတံဆိပ်ဆုရှင်များသည် မိမိအမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ရယူခဲ့သည့် ပြိုင်ပွဲအမျိုးအစားနှင့် အားကစားနည်း၊ အားကစားပြိုင်ပွဲအမည်နှင့် ကျင်းပခဲ့သည့်ခုနှစ်တို့ကို သတ်မှတ်အဆိုပြုပုံစံတွင် လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ ပြည့်စုံစွာထည့်သွင်းဖြည့်စွက်ပေးပို့ရမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

အဆိုပြုလွှာပုံစံများကို နေပြည်တော်အားကစားဝန်ကြီးဌာန ရုံးအမှတ် (၃၁)၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ(သိပ္ပံ)၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ(သိပ္ပံ)၊တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများတွင် ဆက်သွယ်ရယူနိုင်ကြကြောင်း၊ အဆိုပြုလွှာသွားရောက်ရယူရန်အခက်အခဲရှိသူများအတွက် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ ကြော်ငြာကဏ္ဍတွင် ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပုံစံများကို ၂၀၁၃ခုနှစ် ဩဂုတ် ၉ ရက်ထက်နောက်မကျဘဲ ပြန်လည်ပေးပို့ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး ဖုန်း ၀၆၇-၄၀၆၁၈၃၊ လူထု/ ပညာဌာနခွဲ ဖုန်း ၀၆၇-၄၀၆၀၂၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲနှင့်အားကစားဆိုင်ရာကိစ္စရပ်များ၌ ပါဝင်ကူညီနိုင်ရေး နိုင်ငံ့ဂုဏ်ဆောင်(ရွှေ၊ ငွေ၊ ကြေး) ဆုရှင်များအတွက် အဆိုပြုလွှာပုံစံ**

၁။ အမည် ------------------------------------------------
၂။ အဘအမည် ------------------------------------------------
၃။ မွေးနေ့သက္ကရာဇ် ------------------------------------------------
၄။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------
၅။ နေရပ်လိပ်စာအပြည့်အစုံ ------------------------------------------------
------------------------------------------------
၆။ ဆက်သွယ်နိုင်သည့်တယ်လီဖုန်းနံပါတ် ------------------------------------------------
၇။ လက်ကိုင်မီးထွန်းညှိတိုင် (Torch) ကိုသယ်ဆောင်ရန် ဆန္ဒရှိသောနေရာ
ရန်ကုန် ☐ နေပြည်တော် ☐
၈။ လက်ကိုင်မီးထွန်းညှိတိုင် (Torch)ကို သယ်ဆောင်နိုင်သည့်အကွာအဝေး
(၁၀၀)မီတာ ☐ (၂၀၀)မီတာ ☐
၉။ ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားနည်းနှင့် ပြိုင်ပွဲအမျိုးအစား
------------------------------------------------
------------------------------------------------
၁၀။ ရွှေတံဆိပ်ဆုရရှိခဲ့သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲနှင့် အဆင့်မြင့်နိုင်ငံတကာအားကစားပြိုင်ပွဲတို့၏ မည်သည့်ခုနှစ်၊ မည်သည့်အကြိမ်မြောက်ဖြစ်သည်ကို ရွှေတံဆိပ် အရေအတွက်ဖြင့် ဖော်ပြပေးပါရန်-
------------------------------------------------
------------------------------------------------
၁၁။ လက်ရှိကျန်းမာရေးအခြေအနေ
------------------------------------------------

ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ယခုလို လာရောက်ခြင်းသည် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြောင်း၊ ဆေးရုံကြီးအနေဖြင့် ကုသရေးအပိုင်းကို မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသသို့လည်း သွားရောက် ကုသပေးရမှာဖြစ်ကြောင်း၊ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ကြောင်း၊ ဆေးဝါးကုသမှုလုပ်ငန်းများဆောင်ရွက်ပေးသကဲ့သို့ အဖြစ်များသောရောဂါများ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

အထူးကုဆရာဝန်ကြီးများအားကျေးလက်ဒေသများသို့ သွားရောက်ကွင်းဆင်းကုသမှုပြုလုပ်ပေးရာတွင် အထူးကုသရေးအဖွဲ့တွင် ပါသင့်ပါထိုက်သည့် အထောက်အကူပြုပစ္စည်းများကို တတ်နိုင်သမျှယူဆောင်သွား၍ ကုသမှုပြုလုပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ပိုင်းက မြို့ပြ ကျေးလက်ဒေသအတွင်း နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို ယခုထက်ပိုမိုမြှင့်တင်ပေးနိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများသာမက လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုပါ ခွဲဝေရရှိသည့် ဘဏ္ဍာငွေအပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း မိမိတို့တာဝန်ကျရာဒေသများအတွင်း ကူးစက်တတ်သော ရောဂါများမဟုတ်သည့် သွေးတိုး၊ သွေးချို၊ နှလုံးရောဂါစသည့် အဖြစ်များလာပြီဖြစ်သည့် ရောဂါကြီးများနှင့် ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် အသိပညာပေးလုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်သင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မုံရွာမြို့ ခုတင် (၃၀၀)ဆံ့ အထူးကုဆေးရုံကြီးတည်ဆောက်ရေးအတွက် ဦးကျော်ဌေး (စစ်ကိုင်းတိုင်းဒေသကြီး ရွှေသတ္တုလုပ်ငန်းရှင်များအသင်း)၊ ဦးမြင့်သိန်း (စစ်ကိုင်းတိုင်းဒေသကြီး သစ်ကုမ္ပဏီများနှင့် သစ်လုပ်ငန်းရှင်များ)၊ ဦးလှဟန်(စစ်ကိုင်းတိုင်းဒေသကြီး ရေနံလုပ်ငန်းရှင်များအသင်း)၊ ဦးတင်မောင် (ဂရိတ်ဝေါကုမ္ပဏီလီမိတက်)နှင့် ဦးအိုက်ထွေး (အဲဗားဝင်းတားကုမ္ပဏီလီမိတက်)တို့က ငွေကျပ်သိန်း ၁၀၀၀ စီကိုလည်းကောင်း၊ ဦးသူရိန်(ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်)၊ ဒေါက်တာဝင်းမော် (စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကဆေးရုံများနှင့် ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ)၊ ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်လီမိတက်)နှင့် ဦးလှစိန်(မုံရွာမြို့ ရွှေကျားစောင်စက်နှင့် ရန်ကုန်တာယာစက်ရုံ)တို့က ငွေကျပ်သိန်း ၅၀၀ စီကိုလည်းကောင်း၊ ဦးမောင်အေး (ဂွတ်ဘရားသားကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ ဦးဇော်ဇော် (ဧရာဝတီဘဏ်)၊ ဦးတင်စိုး(ထွန်းသွင် Mining ကုမ္ပဏီ)နှင့် ဦးအောင်ကျော်မိုး IBTC ကုမ္ပဏီတို့က ငွေကျပ်သိန်း ၂၀၀ စီကို လည်းကောင်း၊ ဦးတင်ဝင်း (တင်ဝင်းထွန်းကုမ္ပဏီလီမိတက်)၊ ဦးဘိုဘို(ကံပွင့်ဦးကုမ္ပဏီ၊ ထူးဟန်သစ်ကုမ္ပဏီနှင့် ကျောက်မီးသွေး လုပ်ငန်းရှင်များ)၊ ဦးစောငြိမ်းနှင့် ဦးလှမျိုး(အောင်မြင်သူ ကုမ္ပဏီများအုပ်စု)၊ ဦးထွန်းလွင် (ရွှေမဲကုမ္ပဏီ)၊ ဦးစန်းကြည် (တိုးပွားမန်းကုမ္ပဏီလီမိတက်)၊ ဒေါက်တာကိုကိုကြီး (Capital Hyper Market) တို့ကငွေကျပ်သိန်း ၁၀၀ စီကိုလည်းကောင်း၊ ဦးခင်မောင်ဝင်း (မုံရွာစက်မှုဇုန်နှင့် စစ်ကိုင်းစက်မှုဇုန်) က ငွေကျပ်သိန်း ၈၀ ကိုလည်းကောင်း၊ ဦးကိုလေး (Three Friend ကုမ္ပဏီနှင့် မြန်မာပရိုင်းအင်ဂျင်နီယာ (Group) က ငွေကျပ်သိန်း ၇၀ ကို လည်းကောင်း၊ ဦးမျိုးမင်း (မုံရွာကုန်စည်ဒိုင်နှင့် ထွန်းတောက်ဇော် ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ်သိန်း ၆၀ ကို လည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၈၇၁၀ ကို လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးနှင့် မုံရွာ ပြည်သူ့ဆေးရုံအုပ်ကြီးတို့က လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ကလေးကုသလူနာဆောင်၊ စေတနာရှင် အလှူရှင်များတပ်ဆင်ပေးထားသည့် ကျောက်ကပ်သန့်စင်စက်နှင့် ခွဲစိတ်ခန်းတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နိုင်ငံတော်မှ ငွေကျပ်သိန်း ၄၀၀၀ ခန့်အကုန်အကျခံကာ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်ပေးသည့် ကွန်ပျူတာရိုက်ရောဂါ ရှာဖွေရေး (C.T) စက်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်အားပေးသည်။

အဆိုပါ ကွန်ပျူတာရိုက်ရောဂါရှာဖွေရေး (C.T)စက်နှင့် အဆောင်အား ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆေးရုံဆိုင်းဘုတ်အား ဒုတိယသမ္မတက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကွန်ပျူတာရိုက် ဓာတ်မှန်ရိုက်စက်နှင့် အမျိုးသား လူနာကုသဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မုံရွာတက္ကသိုလ် အင်္ဂလိပ်စာဌာနသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာတတ်မြောက်မှု အရည်အသွေးကို စစ်ဆေးမေးမြန်း၍ ကျောင်းသား ကျောင်းသူများအား ကုလသမဂ္ဂနှင့် နိုင်ငံတကာတွင် အင်္ဂလိပ်၊ ပြင်သစ်နှင့်တရုတ်ဘာသာတို့အပါအဝင် ဘာသာစကား ခြောက်မျိုးအား အဓိကအသုံးပြုလျက်ရှိကြောင်းဖြင့် သင်ကြားသင်ယူမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေး တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ နည်းပညာတက္ကသိုလ်(မုံရွာ)နှင့် ပညာရေးကောလိပ်(မုံရွာ)တို့မှ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ရှေးဦးစွာ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ဆရာကြီးများက တက္ကသိုလ်၏သမိုင်းကြောင်း၊ ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှု၊ တက္ကသိုလ်အင်္ဂါရပ်များ ပြည့်စုံအောင် ဆောင်ရွက်နေမှု၊ သုတေသန လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသော သံဃာတော်အား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဒုတိယဝန်ကြီး ဦးဇော်မင်းအောင်တို့က ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအနက် နိုင်ငံတော်အပိုင်းက လက်ငင်းဖြေရှင်းပံ့ပိုးဆောင်ရွက်ပေးနိုင်သည်များရှိသကဲ့သို့ အချိန်ယူအဖြေရှာရမည့် ကိစ္စများကိုလည်း စီမံဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များသို့ မိမိတို့လာရောက်ရခြင်းသည် အားနည်းချက်များရှိက ပြုပြင်ပေးနိုင်ရန်နှင့် လိုအပ်ချက်များကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရ တာဝန်ယူခဲ့သည့် နှစ်နှစ်ခွဲကာလအတွင်း ကဏ္ဍအသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများကိုလည်း အသိပေးပြောကြားရန်ဖြစ်ကြောင်း၊ လက်တွေ့သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများရှိသကဲ့သို့ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲမှုများကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍတွင် လွတ်လပ်စွာရေးသား ပြောဆိုနိုင်ခွင့်ရှိသကဲ့သို့ ၎င်းအပေါ်တွင် တာဝန်ခံတာဝန်ယူမှုလည်းရှိရမှာဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွား တိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင် သယံဇာတများကို ထိန်းသိမ်းခြင်းနှင့် တန်ဖိုးမြင့်ထွက်ကုန်များ ထုတ်လုပ်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း များစွာ အရေးကြီးပါကြောင်း။

အသိပညာ ဗဟုသုတတိုးတက်ရေးအတွက်လည်း များစွာအရေးကြီးပါကြောင်း၊ တစ်မျိုးသားလုံး အကျိုးစီးပွား တိုးတက်ရေးသည် ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင် များစွာတည်မှီနေပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အသိအမြင် ဗဟုသုတကြွယ်ဝစေရန် စဉ်ဆက်မပြတ် လေ့လာ၍ မိမိတို့၏ တပည့်သားသမီးများကို သင်ကြားပြသပေးရမှာဖြစ်ပြီး သင်ကြားသင်ယူမှု၏ အကျိုးသက်ရောက်မှုများကိုလည်း စဉ်ဆက်မပြတ်လေ့လာသုတေသနပြုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား ဖြစ်စေသည့် လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအတွက်လည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံသားအားလုံးက ပါဝင်ကူညီဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ဆရာဆရာမများသည် နိုင်ငံတော်နှင့် ပြည်သူများအကြား ပေါင်းကူးဆက်စပ်ပေးသည့် အဓိကနေရာတွင် ပါဝင်သူများဖြစ်သည့်အပြင် ကျောင်းသားအခြေပြု ပညာရေးစနစ်ကိုလည်း အလေးအနက်ထား သင်ကြားပေးသွားရန်နှင့် မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် တိုးတက်အောင် အမြဲမပြတ်လေ့လာသင်ယူသွားရမှာဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် ဆရာ ဆရာမများပေါ်တွင်လည်း များစွာတည်မှီနေပါကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်နှင့် ကောလိပ်များအတွက် တစ်ကျောင်းလျှင် ကွန်ပျူတာ ၁၀ စုံကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်စေတနာရှင် အလှူရှင်များကလည်းကောင်း၊ စကိုင်းနက်ရှပ်သံဖမ်းစက်ငါးစုံကို တာဝန်ရှိသူတစ်ဦးကလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးပြီး မုံရွာမြို့မှ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင်နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ (၂/၂၀၁၃)အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် သမ္မတရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် သယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယင်းသယံဇာတအရင်းအမြစ်များအား ပွင့်လင်းမြင်သာပြီး တာဝန်ခံထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ EITI အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နောင်လာနောက်သား တိုင်းရင်းသား ပြည်သူများအတွက် ရေရှည်အကျိုးကျေးဇူးခံစားစေနိုင်မည် ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီကိုလည်း ယခုနှစ် ဧပြီလက ဖွဲ့စည်းတည်ထောင်ခဲ့ပြီးဖြစ်ကြောင်း၊ EITI အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်ချိန်အမီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုနှစ် မေလတွင် ကျင်းပခဲ့သည့် EITI Global Conference မှ ရရှိခဲ့သည့် အတွေ့အကြုံကောင်းများဖြင့် လုပ်ငန်းနှင့် ဆက်စပ်သူများအားလုံးပါဝင်သော ညွန့်ပေါင်းအဖွဲ့ (Multi-stakeholder Group-MSG) ဖွဲ့စည်းတည်ထောင်ပြီး ယခုနှစ်မကုန်မီ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ရေးအတွက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံအနေဖြင့် EITI အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်မှု၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် EITI လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အစိုးရ၊ ပုဂ္ဂလိကနှင့် လူထုအခြေပြု အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင် ဒေါက်တာဇော်ဦးက EITI လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး ဆောင်ရွက်ချက်များ၊ ဒေသတွင်းနိုင်ငံများ EITI လုပ်ငန်း အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များကို စိစစ်သုံးသပ်တင်ပြပြီး အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေးမြို့၌မြစ်ရေလျှံမှုဖြစ်ပွား

**ရေး ဇူလိုင် ၂၅**

ဇူလိုင် ၂၄ ရက် ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေးမြစ်ဖျားချောင်းဖျားမှ တောင်ကျရေများ ရေစီးဆင်းမှုများနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာ၍ ရေးမြစ်ချောင်းတွင် ဆုံစည်းရာမှ မြစ်ရေလျှံဖြစ်ပေါ်လာသောကြောင့် မြို့ပေါ်ရပ်ကွက်ရှိ မြေနိမ့်ပိုင်းဖြစ်သော လူနေအိမ်များ စာသင်ကျောင်း၊ မြသီတာဈေးနှင့် အောင်သီတာဈေး၊ လယ်ယာစပါးစိုက်ခင်းများနှင့်ဥယျာဉ်ခြံများမှာ မြစ်ရေလျှံမှုဒဏ်ခံစားနေရသည်။

ရေဘေးသင့်ပြည်သူများမှာ ရေးမြို့ ပြည်သူ့အားကစားရုံတွင် ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိပြီး မြို့နယ်ရှိ ဒေသဆိုင်ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို အသင့်အနေအထား ပြင်ဆင်ထားလျက်ရှိသည်။ ယခုတိုင်းထွာချက်များအရ ရေမျက်နှာပြင်မှာ အနည်းငယ်သာမြင့်တက်လာပြီး ဇူလိုင် ၂၅ ရက် ညနေပိုင်းတွင် စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ရောက်ရှိသွားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



## မန္တလေးနှင့်အထက် မြန်မာပြည်သတင်း

# နွားထိုးကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်သည် မိုးခေါင်ရေရှားသော မြို့နယ်တစ်ခုဖြစ်ကြောင်း၊ ဒေသခံအများစုသည် တောင်သူ၊ ထန်းသမားများဘဝဖြင့် မိုးကိုမျှော်၍ အသက်မွေးကြရကြောင်း၊ မိုးခေါင်သည့်နှစ်များတွင် ပြည်သူများသည် ဆင်းဆင်းရဲရဲနေထိုင်၍ ပင်ပင်ပန်းပန်းလုပ်ကိုင်ကြရကြောင်း၊ ထို့ကြောင့် မိမိတို့သားသမီးများကို မိမိတို့ကဲ့သို့ ချို့ချို့တဲ့တဲ့မနေစေလိုလျှင် ပညာတတ်အောင် သင်ပေးရမည်ဖြစ်ကြောင်း၊ မိဘများအနေဖြင့် သားသမီးများကိုချစ်လျှင် ထန်းအမွေ၊ မြေအမွေမပေးဘဲ ပညာအမွေကိုသာ ပေးကြဖို့ တိုက်တွန်းလိုကြောင်း၊ ပညာရေးတွင် မိုးခေါင်သည်ဟုမရှိကြောင်းဖြင့် ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် နွားထိုးကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် (၁၀) နှစ်မြောက် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားများတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားခဲ့သည်။

ဇူလိုင် ၁၅ ရက်နံနက်ပိုင်းတွင် မြို့မ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် (၁၀) နှစ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းအဆင့်မြှင့်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပညာရည်ချွန်ဆုပေးပွဲများ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအောင် သင်ကြားပေးသည့် ဆရာ ဆရာမများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယ ဆုရသူများအား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကန္ဒားအခြေခံပညာအထက်တန်းကျောင်းနှင့် ပဒေါင်းအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် (၁၀) နှစ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတို့ကို သက်ဆိုင်ရာကျောင်းများ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းအဆင့်မြှင့်ဆိုင်းဘုတ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဆရာ ဆရာမများ၊ ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲများနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားများကို ဇူလိုင် ၁၆ ရက်မှ ၂၂ ရက်အတွင်း လုံးတော-သမန်းတော အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ မင်းရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရွာကြီးအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ လက်ဝဲ-မြင်းနီ အခြေခံပညာအထက်တန်းကျောင်း၊ အိုးပုံတောအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ နွားထိုးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၊ မန်ကျည်းကန် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ ကျွန်းဒေါင့် အခြေခံပညာ အထက်တန်းကျောင်း၊ ဝက်လူး အခြေခံပညာအထက်တန်းကျောင်း၊ ဆူးဖြူကုန်း အခြေခံပညာ အထက်တန်းကျောင်း၊ ပဲချက်အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ မှက္ခရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ပြင်စည်အခြေခံပညာ အထက်တန်းကျောင်းနှင့် ကြာပင်အိုင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တို့၌ ကျင်းပခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အတွင်း အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှစ်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း၊ နွားထိုးကြီးမြို့နယ် အခြေခံပညာ ကျောင်း ၅၅ ကျောင်းမှ ဆရာ ဆရာမ ၇၃ ဦး၊ ကျောင်းသားကျောင်းသူ ၁၄၅၅ ဦး၊ လူရည်ချွန်ဆုရသူ နှစ်ဦး၊ အစိုးရပညာသင်ဆုရသူ လေးဦးတို့အား ဆုများချီးမြှင့်ခြင်း၊ အိုးပုံတော အခြေခံ ပညာအထက်တန်းကျောင်း (ခွဲ)နှင့် ဆူးဖြူကုန်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့သို့ ကွန်ပျူတာတစ်စုံစီ၊ ကျွန်းဒေါင့် စေတနာညကျောင်းနှင့် ကြာပင်အိုင် စေတနာညကျောင်းသို့ ငွေကျပ် ငါးသိန်းစီနှင့် ရွာကြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခြံစည်းရိုးအတွက် ငွေကျပ် ၁၀သိန်း လှူဒါန်းခြင်း၊ နွားထိုးကြီးမြို့နယ်ရှိ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၇၀၀၀ နှင့် ငါန်းဇွန်မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၃၀၀၀ တို့ လှူဒါန်းခြင်းတို့နှင့် တက္ကသိုလ်ဝင်တန်းအောင်ချက် အကောင်းဆုံးဆုရ ပဲချက်အခြေခံ ပညာ အထက်တန်းကျောင်း(ခွဲ)သို့ ငွေကျပ်ငါးသိန်းနှင့် ကျောင်းအုပ် ဆရာမကြီးအား ငွေကျပ်တစ်သိန်းတို့ ချီးမြှင့်ခဲ့ပြီး စေတနာရှင်များက ရွာကြီး အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)သို့ ရေသန့်စက် ရေစင်၊ ကျပ်သိန်း ၄၅၀ တန် ကျောင်းဆောင် တစ်ဆောင် တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကံနှောင်းကျေးရွာမှ လုံးတော- သမန်းတော ကျေးရွာအထိ အရှည် ၂ မိုင်ရှိ ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား ကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ကံနှောင်းကျေးရွာ၌ ကျင်းပရာ ပြည် ထောင်စုဝန်ကြီးက အမှာစကားပြော ကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး စီးပွားရေးနှင့်စီမံကိန်း ဝန်ကြီး ဦးအောင်ဇံနှင့် တာဝန်ရှိသူများနှင့် အတူ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးခဲ့ကြ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငါးရစ်ငါးသန်ထိန်းသိမ်းရမည့်အချိန် အင်းပိုင်ရှင်အချို့ ပိုက်လှေအခွန်ချစားနေ

**ဗန်းမော် ဇူလိုင် ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်၌ ၂၀၁၃-၂၀၁၄ ခုနှစ် အင်းလေလံဆွဲဝယ် ရရှိသည့်အင်းပိုင်ရှင်အချို့သည် ငါးသယံဇာတ မပြုန်းတီးရေးနှင့် ရေရှည်စားသုံးနိုင်ရေး အတွက် ငါးရစ်ငါးသန်ထိန်းသိမ်း ချိန်ကာလအတွင်း၌ ပိုက်လှေအခွန် ချစားခြင်း၊ မောင်းကော်အခွန်ချစား ခြင်းများ ပြုလုပ်လေ့ရှိသည်။

ပိုက်လှေတစ်စင်းလျှင် ငွေကျပ် ၃၀၀၀၀ မှ ၅၀၀၀၀၊ မောင်းကော် တစ်ခုလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ကောက်ယူပြီး အင်းတော်အင်း၊ ဂေါင်းအင်း၊ အင်းတော် လဟာလေး အင်း၊ အင်းတော် လဟာကြီးအင်း တို့တွင် လုပ်ကိုင်နေကြသည်။

**ရုန်းကန်နေ**

ရေလုပ်သားတစ်ဦးက ပိုက်လှေ အခွန်ခ၊ မောင်းကော်အခွန်ခ ကျပ် သုံးသောင်း၊ငါးသောင်းပေးဆောင်ရန် အတွက် ငွေအတိုးယူပြီးပေးကြရ ကြောင်း၊ အချို့အင်းလုပ်သားများသည် အင်းပိုင်ရှင်စေခိုင်းသမျှ အလုပ်များ ကိုလည်း လုပ်ပေးကြရပြီး နည်းပါး လှသော ကျန်အချိန်တွင် မိမိအလုပ် သိပ်မလုပ်ရ၊ ငွေတိုးမကျေဘဲ မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်နေ ကြရကြောင်း ပြောပြသည်။ **(၀၇၃)**



# စကိတ်ကွင်းများ များပြားလာသဖြင့် မိဘများစိုးရိမ်နေရ

**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ရပ်ကွက်အသီးသီး၌ ကိုယ်ပိုင် စကိတ်အားကစားကွင်းများ ယခုနှစ် ဇွန်လကုန်မှစတင်ကာ ဖွင့်လှစ်လာကြ ကြောင်း သိရသည်။

ရွှေမင်းဝံရပ်ကွက်တွင် နှစ်ကွင်း နှင့်ဆောက်လက်စတစ်ကွင်း၊ ပါရမီ ရပ်ကွက်တွင် နှစ်ကွင်း၊ နန္ဒဝန်တိုက် နယ် ချင်းစုရပ်ကွက်တွင် တစ်ကွင်း စုစုပေါင်း ခြောက်ကွင်းထိ ရှိလာသည်။

ယခင် စကိတ်အားကစားကွင်း မရှိခင်က လမ်းမကြီးများပေါ်၌ စီးကြ ခြင်းကြောင့် လမ်းသွားလမ်းလာများ နှင့် ယာဉ်ပိုင်ရှင်တို့ စိတ်အနှောင့် အယှက်ဖြစ်ကာ ရှောင်တိမ်းသွားလာ ကြရသည်။

ကလေးမိဘတစ်ဦးက “ကျွန်မ သားလေးက ကျောင်းဆင်းတာနဲ့ စကိတ်အားကစားကွင်းကို သွားတော့ တာပဲ။ ကျန်းမာရေးအရတော့ ကောင်း တာပေါ့။ ဒါပေမယ့် ကျွန်မစိတ်မချ ဘူး။ အခုအသစ်ဖွင့်တဲ့ စကိတ်ကွင်းက ဘာပဲဖြစ်ဖြစ် လုံးဝတာဝန်မယူဘူးလို့ စည်းကမ်းချက်တွေ ရေးထားတယ်။ သက်ဆိုင်ရာက ခွင့်ပြုထားသလား။ မထားဘူးလားတော့ မသိရဘူး။ နောက်ပြီး အောက်ခံက သမံတလင်း၊ မတော်တဆ ပက်လက်လန်လဲရင် တော့ မတွေးဝံ့စရာပဲ။ အနောက်နိုင်ငံ တွေရဲ့ အားကစားနည်းတွေ ကျွန်မတို့ နိုင်ငံကို ကူးစက်လာတာမကောင်းဘူး။ အခြားနိုင်ငံတွေမှာ ကစားတာက အကာအကွယ်တွေ လုပ်ထားတယ်။ ဒီက ဘာမှ လုပ်ထားတာမဟုတ်ဘူး။ တစ်ခုခုဖြစ်ရင်လည်း တာဝန်မယူဘူး။ သက်ဆိုင်ရာအဖွဲ့က ကြပ်ကြပ်မတ် မတ်လုပ်သင့်ပြီး စည်းကမ်းချက်နဲ့ မညီညွတ်ရင်ခွင့်မပြုသင့်ဘူး”ဟု ပြော ကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း မြို့တွင် နောက်ထပ်ဖွင့်လှစ်မည့် စကိတ်အားကစားကွင်းများ ဖွင့်လှစ် ရန် ကျန်ရှိနေသေးကြောင်း သိရ သည်။ **(၁၄၀)**

# ဝန်းသိုမြို့နယ် သစ်တောဦးစီးဌာနမှ တစ်ရွာတစ်ဧက စိုက်ခင်းများ လွှဲပြောင်းပေးအပ်

**ဝန်းသို ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသို မြို့နယ်သစ်တောဦးစီးဌာနက ၂၀၁၃ ခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်းရှိ တစ်ရွာတစ်ဧက သစ်တောစိုက်ခင်း များကို စိုက်ပျိုးတည်ထောင်၍ လွှဲ ပြောင်းပေးအပ်လျက်ရှိရာ ဝန်းသိုမြို့ နယ် ဝင်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ထံသို့ ပျဉ်းကတိုးစိုက်ခင်း တစ်ဧက၊ ဖြန့်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ကျွန်း၊ ပျဉ်းကတိုးတစ်ဧက၊ လေးရွာ အုပ်ချုပ်ရေးမှူးထံသို့ ကျွန်းစိုက်ခင်း တစ်ဧက၊ ညောင်ပင်သာကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ ကျွန်းစိုက်ခင်း တစ်ဧကတို့ကို သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းထွန်း၏ စီမံ ခန့်ခွဲမှုဖြင့် ဘိနယ်တာဝန်ခံများသို့ ဇူလိုင် ၂၃ ရက်က လွှဲပြောင်းပေးအပ်ခဲ့ သည်။

ထို့ပြင် တစ်အိမ်ထောင် ကျွန်းသုံး ပင်ဖြန့်ဝေစိုက်ပျိုးခြင်းကို တောင်ဘို့ လှကျေးရွာအုပ်စု အိမ်ထောင်စု ၁၅၃ စုသို့ ကျွန်းပင် ၁၀၅၉ ပင်ကို လည်း ကောင်း ဖြန့်ဝေစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**(၀၉၂)**

**အားကစားအချပ်ပို ကြော်ငြာထည့်နိုင်**

အားကစားဝတ်စုံ၊ အားကစား ပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း အားကစား အချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

## မှုခင်းသတင်းများ

# ခေါက်ထီးအတွင်းမှ ဘိန်းဖြူများ ရှာဖွေသိမ်းဆည်းရမိ

**မြစ်ကြီးနား ဇူလိုင် ၂၅**

ဇူလိုင် ၂၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မြစ်ကြီးနားခရိုင် တနိုင်းမြို့ မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ကျော်သက် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများ နှင့်ပူးပေါင်းကာ မူးယစ်ဆေးဝါးသတင်းအရ တနိုင်းမြို့အဝင် ဘီးခွန်ဂိတ်တွင် စောင့်ဆိုင်းနေစဉ် မြစ်ကြီးနားမှ တနိုင်းသို့ ယာဉ်မောင်း ထွန်းထွန်းအောင် မောင်းနှင်သော ယာဉ်အမှတ် ၁က/. . . ဗင်အမျိုးအစားခရီးသည်တင်ယာဉ် ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်လိုက်ပါသည့်ခရီးသည် ကျော်စိန်ဝင်း အား မသင်္ကာသဖြင့်စစ်ဆေးရာ ၎င်းထိုင်သည့် ထိုင်ခုံရှေ့ခြေထောက်ဖြင့် နင်း ထားသော အပြာ/အဖြူစပ် ခေါက်ထီးအတွင်း Grand Royal ကော်ဘူး ငယ်အတွင်းမှ ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ဘိန်းဖြူအမှုန့် ငါးဂရမ်ကို ရှာဖွေ တွေ့ရှိခဲ့သည်။ ဖြစ်စဉ်ကြောင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ ကျော်စိန် ဝင်း(၃၁ နှစ်)ကို တနိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိ သည်။

**မိုယံးကျ(မြစ်ကြီးနား)**

# ဝန်းသိုမြို့နယ်တွင် မှောင်ခိုနွား ၃၅ သိန်းကျော်ဖိုး ဖမ်းဆီးမိ

**ဝန်းသို ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ကျောက်ကြီးရွာအနီး တွင် တရားမဝင် နွားမှောင်ခိုများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၃ ရက် နံနက် ၅ နာရီခွဲက ဆရဖ ကောလင်းတပ်ဆွယ်မှ စိန်လွင်ဦးနှင့်အဖွဲ့သည် ဝန်းသိုမြို့နယ် မော်ခါးအုပ်စု ကျောက်ကြီးရွာထိပ် လမ်းဆုံ၌ နွားထီး ၁၄ ကောင်နှင့် နွားမောင်းသူ မင်းနီခ အပါအဝင် လေးဦးတို့ ကို တွေ့ရှိရပြီး မေးမြန်းစစ်ဆေးရာ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်မှု မရှိသဖြင့် ဝန်းသိုရဲစခန်းသို့ အကြောင်းကြားခဲ့ရာ ဝန်းသိုရဲစခန်းမှူးနှင့်အဖွဲ့ ရောက်ရှိလာပြီး သက်သေခံပစ္စည်းများကို အပ်နှံရန်ပြင်ဆင်ချိန်တွင် မင်းနီခ အပါအဝင် လေးဦးသည် လူလွတ်ရုန်း၍ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ဖမ်းဆီးရ မိသော သက်သေခံပစ္စည်းများသည် နွားထီး ၁၄ ကောင် ကာလတန်ဖိုး ငွေကျပ် ၃၅ သိန်းကျော်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ပါ၍ တရားမဝင် နွားမှောင် ခိုပြုလုပ်သူ ပင်လည်ဘူးမြို့နယ် ကျော်ရွာကြီးကျေးရွာနေ မင်းနီခ (၃၀နှစ်)၊ အင်းတော်မြို့ ကြာအင်းကုန်းကျေးရွာနေ သန်းဝင်း(၂၇နှစ်)၊ ပင်လည်ဘူးမြို့နယ် ကျော်ရွာကြီးကျေးရွာနေ ဝင်းဖေ (၄၁ နှစ်)နှင့် ပင်လည်ဘူးမြို့နယ် ကျော်ရွာကြီး ကျေးရွာနေ ဝင်းဦး (၃၅ နှစ်)တို့ကို အမှုဖွင့် အရေးယူထားကြောင်း သိရ သည်။

**လှအောင်(ကသာ)**

# အရှိန်လွန်ဆိုင်ကယ် လမ်းဘေးထိုးကျ

**မုံရွာ ဇူလိုင် ၂၅**

ဇူလိုင် ၂၁ ရက် ညနေ ၅ နာရီခွဲခန့်တွင် လမ်းဘေးတွင် လူတစ်ဦး ဆိုင်ကယ်အရှိန်လွန် တိမ်းမှောက်နေကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မုံရွာမြို့နေ ဦးအောင်စိုး (၄၇ နှစ်) ပုသိမ်-မုံရွာလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာရာ မိုင်တိုင်အမှတ် ၄၄၀/၀ နှင့် ၄၄၀/၁ အကြားအရောက်တွင် ကားတစ်စီးကို ရှောင်တိမ်းရာမှ အရှိန်လွန်၍ လမ်းဘေး သို့ထိုးကျကာ ဆိုင်ကယ်တိမ်းမှောက်ခဲ့ကြောင်း မျက်မြင်ရှာခံများက ပြောပြသည်။ အဆိုပါတိမ်းမှောက်မှုကြောင့် ဦးအောင်စိုးသည် ပြင်းထန်စွာ ဒဏ်ရာများရရှိခဲ့ သည်။ ဦးအောင်စိုးအား ဆားလင်းကြီးမြို့ ကရုဏာရှင်လူမှုကူညီရေးအသင်းမှ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုမှတစ်ဆင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# အကျဉ်းကျအမျိုးသမီးတစ်ဦး ဆေးရုံ၌ သေဆုံး

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မန္တလေးအထွေထွေရောဂါ ကုဆေးရုံကြီး အချုပ်ခန်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ ထောင်ဒဏ် (၁၀) နှစ်နှင့် အမှုအမှတ်၁၆/၁၂ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ လူကုန်ကူး ၂၄ အရ ထောင်ဒဏ် (၁၀)နှစ် စုစုပေါင်း နှစ် (၂၀) သီးခြားပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသူ မရှမ်းတင်(ခ)ရှမ်းအေး (၄၃ နှစ်)သည် ဇူလိုင် ၂၂ ရက်က သားအိမ်ခေါင်းကင်ဆာရောဂါဖြင့် မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာမှ သေဆုံးခဲ့သည်။ **(၀၄၀)**

# တနိုင်းမြို့၌ ဘိန်းဖြူလေးဂရမ် ဖမ်းမိ

**မြစ်ကြီးနား ဇူလိုင် ၂၅**

မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ သယ်ဆောင်နေ ကြောင်း သတင်းအရ ဇူလိုင် ၂၀ ရက် ည ၁၁ နာရီက တနိုင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ကျော်သက် ဦးစီးအဖွဲ့သည် ဆင်မ်ဆရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကိုင်ဂျိဂမ်ဖန်းနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ တနိုင်းမြို့ဝင် ဘီးခွန်ဂိတ်၌ စောင့် ဆိုင်းနေစဉ် မြစ်ကြီးနားမှ တနိုင်းသို့ ကိုကိုလတ်(ခ)အဂျဲ မောင်းနှင်ပြီး ဖော်ဝူး လထွယ် စီးနင်းလိုက်ပါသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အတွင်းခံ ဘောင်းဘီအတွင်း ဘိန်းဖြူ ၀ ဒသမ ၄ ဂရမ်ဖြင့် ဘိန်းဖြူအလေးချိန် လေး ဂရမ်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကိုကိုလတ် (ခ) အဂျဲ (၂၆ နှစ်)၊ ဖော်ဝူးလထွယ် (၁၈ နှစ်) တနိုင်းမြို့နေသူနှစ်ဦးကို တနိုင်း မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုယံးကျ(မြစ်ကြီးနား)**

## ပြည်တွင်းသတင်းနှင့် ကျော်ငြာ



### 2nd Myanmar Senior PGA Championship 2013

## ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာစီနီယာပီဂျီအေက ကြီးမှူးကျင်းပသော "2nd Myanmar Senior PGA Championship 2013" ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီက မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပသည်။ **(ဓာတ်ပုံ)** ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာစီနီယာပီဂျီအေ အထက်မြန်မာပြည်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်၊ မြန်မာစီနီယာ ပီဂျီအေ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးကျော်ပိုင် ရွှေမန်းတောင် ဂေါက်ကလပ်ဒါရိုက်တာ ဦးထွန်းထွန်းလင်းနှင့် ပြိုင်ပွဲအား အဓိကကူညီပံ့ပိုးပေးသူ (ကိုယ်စား) ဦးချစ်စံတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင်သက်ကြီးတန်း ပညာရှင်အဆင့် ပြိုင်ပွဲ၌ မြင့်သိန်းက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက် ၇၀ ဖြင့်ပထမ၊ မြင့်သောင်း(P.R.G.R) က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ဒုတိယနှင့် ခင်မောင်ညို၊ ချမ်းဟန် (HAN Golf Masters)၊ မြင့်ဆွေ (Srixon) တို့က ၇၄ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အသက် ၅၀ နှင့်အထက် အပျော်တမ်းပြိုင်ပွဲတွင် နေမျိုးသောင်းက ၇၈ ချက်ဖြင့် ပထမ၊ အိုက်စံက ၇၈ ချက်ဖြင့် ဒုတိယ၊ မောင်ဝင်းက ၈၂ ချက်ဖြင့် တတိယလိုက်နေကြသည်။ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Sumitomo၊ Tiger Golf၊ Asian Wings Airways၊ KM Golf Centre၊ အကယ်ဒမီသောက်ရေသန့်၊ Sime Darby Healthcare၊ Myanmar Thiha Group of Companies၊ 100 Plus နှင့် ရွှေမန်းတောင်ဂေါက်ကွင်းတို့က ပံ့ပိုးကူညီကြသည်။ **(မြန်မာ့အလင်း)**

## နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ နွေစပါးလက်ကျန် ပုလဲသွယ်စိုက်ပျိုးစပါးများ ရိတ်သိမ်း

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ဝန်းကျင်စိုက် နွေစပါးလက်ကျန် ပုလဲသွယ်စိုက်ပျိုးစပါးများကို ဇူလိုင် ဒုတိယပတ်၌ ကူဘိုတာ စပါးခြွေလှေ့စက်ကြီးများဖြင့် အပြီးသတ် ခြွေလှေ့လျက်ရှိကြောင်း၊ အောင်သုခကျေးရွာ စပါးစိုက်တောင်သူကြီးများထံမှ သိရသည်။ အဆိုပါကူဘိုတာ စပါးခြွေလှေ့စက်ကြီးသည် လယ်တစ်ဧကကို အချိန်တစ်နာရီခွဲဖြင့် စပါးစေ့များ အလေအလွင့်မရှိအောင် ခြွေလှေ့ပေးနိုင်ကြောင်း၊ ယင်းစပါးခြွေလှေ့စက်ကြီး ငှားရမ်းခမှာ စပါးတစ်ဧကအတွက် လေးသောင်းခွဲခန့် ကျသင့်ကြောင်း၊ တစ်ဧက ငှားရမ်းခအနေဖြင့် ဈေးအနည်းငယ်မြင့်မားသည်ဟု ဆိုနိုင်သော်လည်း စပါးတစ်ဧက ရိတ်သိမ်းလုပ်ငှား၊ ခြွေလှေ့သူလုပ်ငှားခများနှင့်စာလျှင် လုပ်ငှားခမလိုဘဲ အလေအလွင့်မရှိ စပါးအိတ်ထဲအရောက် စပါးခြွေနိုင်သဖြင့် စပါးရိတ်တောင်သူကြီးများ သဘောကျ နှစ်ခြိုက်လျက်ရှိကြောင်း၊ ထိုစပါး ခြွေလှေ့စက်ကြီးကို စပါးစိုက်ကျေးရွာများရှိ ငွေကြေးတတ်နိုင်သူ တောင်သူများက ကိုယ်ပိုင်ဝယ်ယူထားပြီး စပါးရိတ်ချိန်များတွင် အခကြေးငွေယူ အငှားလိုက်လျက်ရှိကြောင်းလည်း သိရသည်။ **(၁၄၅)**



## သိန်းနီမြို့နယ် မန်ဟယ်ကျေးရွာ၌ တူမီးသေနတ်ဖြင့်ပစ်ခတ်မှုဖြစ်

**သိန်းနီ ဇူလိုင် ၂၅**

လူတစ်ဦး တူမီးသေနတ်မှန်၍ သေဆုံးနေကြောင်းသတင်းအရ နမ့်စလပ် ခေတ္တစခန်းမှူး ဒုရဲအုပ်ယဉ်ထွေး၊ စယ်အုရဲကင်းမှူး ဒုရဲအုပ်မြင့်လွင်ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အခင်းဖြစ်ပွားရာ ကွန်ကောက်ကျေးရွာအုပ်စု မန်ဟယ်ကျေးရွာသို့ ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီခွဲခန့်တွင် သွားရောက်ကြည့်ရှုစစ်ဆေးရာ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲခန့်က ၎င်းကျေးရွာနေ အိုက်ခမ်းသည် တစ်ရွာတည်းနေ ဒေါ်ကျားရုံက ကျေးရွာအတွင်း၌ ကျွဲ၊ နွားခိုးယူသူဟု စွပ်စွဲပြောဆိုသဖြင့် ဒေါသဖြစ်ပြီး တူမီးသေနတ်ကိုင်၍ ဒေါ်ကျားရုံ၏ နေအိမ်သို့ သွားရောက်ခဲ့ရာ ဒေါ်ကျားရုံကို ၎င်း၏နေအိမ်ဝရန်တာတွင် အသင့်တွေ့ရှိရပြီး အသင့်ပါလာသော တူမီးသေနတ်ဖြင့် တစ်ချက်ပစ်လိုက်ရာ ဒေါ်ကျားရုံ၏ ညာဘက်နံကြားသို့ တူမီးသေနတ်ထိမှန် ဒဏ်ရာရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်း တွေ့ရှိရသဖြင့် အလောင်းကို ရဲဆေးစာနှင့်အတူ နမ့်စလပ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ တူမီးသေနတ်ဖြင့် ပစ်ခတ်သူ အိုက်ခမ်းကို နမ့်စလပ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ချစ်လှ**

## (၂၇)ကြိမ်မြောက် SEA Games Sponsor သတိပေးကြေညာချက်

(၂၇)ကြိမ်မြောက် SEA Games Sponsor များ ခန့်အပ်ရေးအတွက် (၂၇)ကြိမ်မြောက် SEA Games ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ(ကော်မတီ)အား တာဝန်ပေးအပ်ခဲ့ပါသည်။ တာဝန်ပေးအပ်ချက်အရ ကော်မတီသည် Sponsor ရှာဖွေရေးအတွက် Sponsorship Management Consultant ကို နိုင်ငံတကာ အကောင်းဆုံးကျင့်ထုံးများနှင့်အညီ တင်ဒါခေါ်ယူ၍ Dentsu-JK (ဂျပန်နိုင်ငံရှိ Dentsu Co.,Ltd နှင့် ထိုင်းနိုင်ငံရှိ JK Consultant Co.,Ltd တို့ ပူးပေါင်းအဖွဲ့)ကို ရွေးချယ်ခဲ့ပါသည်။

(၂၇)ကြိမ်မြောက် SEA Games အတွက် ကော်မတီမှ ခန့်အပ်သော တရားဝင် Sponsor များအား သီးသန့်ကြော်ငြာခွင့်(Exclusive Right)ကို နိုင်ငံတကာမူများနှင့်အညီ ပေးအပ်နိုင်ရေးအတွက် "An Official Main Sponsor For 27th SEA Games" "An Official Sponsor of the 27th SEA Games"ဟူသော စာသားနှင့် အလားတူ စာသားများ၊ (၂၇)ကြိမ်မြောက် SEA Games အမှတ်တံဆိပ် (Logo)နှင့် ကံကောင်းအဆောင်(Mascot) အစရှိသည်များကို မူပိုင်ခွင့်ဥပဒေနှင့်အညီ ကော်မတီမှ မူပိုင်ခွင့်ရယူပြီး ဖြစ်ပါသည်။ သို့ပါ၍ ကော်မတီနှင့်ယင်း၏ တရားဝင်ကိုယ်စားလှယ် Dentsu-JK တို့၏ ခွင့်ပြုချက်မပါဘဲ ယင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားသဘောသက်ရောက်စေရန်ဖြစ်စေ သုံးစွဲခြင်းမပြုရန်နှင့် သုံးစွဲပါက ဥပဒေအရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ယင်းတို့ကို တရားဝင်သုံးစွဲ၍ Official Sponsor For 27th SEA Games အဖြစ် ခံယူကြော်ငြာလိုသူများသည် အောက်ပါလိပ်စာတို့သို့ ဆက်သွယ်နိုင်ပါသည်-

ဘဏ္ဍာရေးနှင့်ဆုချီးမြှင့်ရေးကော်မတီ
ရုံးအမှတ်(၂၆)၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇ - ၄၁၀၀၈၅
၀၆၇- ၄၁၀၀၈၁

Dentsu-JK
အမှတ်(၂၉/ဘီ)၊ ရွှေတောင်ကြား(၂)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁ - ၅၂၄၉၂၇
၀၁- ၅၀၅၈၆၁
၀၉- ၄၃၀၈၅၁၀၀

**ညွှန်ကြားချက်အရ**

ဒေါ်ခင်ခင်ဌေး
တရားလွှတ်တော်ရှေ့နေကြီး
(အမှတ်စဉ် ၂၁၇၀)

ဒေါ်ဌေးဌေးဝင်း
တရားလွှတ်တော်ရှေ့နေကြီး
(အမှတ်စဉ် ၂၄၇၃)

ဦးသီဟ
ကုမ္ပဏီဥပဒေအတိုင်ပင်ခံ

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဧည့်ခံကျွေးမွေးရေး ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ရန် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများသို့ လာရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံခြားသားအားကစားသမားများ၊ အုပ်ချုပ်သူနည်းပြများအား အစားအစာများ ချက်ပြုတ်ကျွေးမွေးဧည့်ခံခြင်းနှင့် အားကစားသမားများနေထိုင်သည့် အိပ်ခန်းများထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များအား တင်ဒါပေးသွင်းနိုင်ရေး အောက်ပါအတိုင်း ခေါ်ယူအပ်ပါသည်-

**(က) ကျွေးမွေးရမည့်ကာလ - ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၄ရက်မှ ဒီဇင်ဘာ ၂၅ရက်အထိ ရက် ၃၀ ခန့်**
**(ခ) ကျွေးမွေးရမည့်အစားအစာ - အာဆီယံ၊ တရုတ်၊ အိန္ဒိယအစားအစာများ (ဟာလာ)**
**(ဂ) ကျွေးမွေးရမည့်အင်အား - အများဆုံးအင်အား ၃၅၀၀ခန့်အား နေ့စဉ် တည်းခိုမည့်အင်အားအလိုက် ကျွေးမွေးရန်**
**(ဃ) ကျွေးမွေးရမည့်အကြိမ် - တစ်ရက်လျှင် ငါးကြိမ် (နံနက်စာ၊ နေ့လယ်စာ၊ နေ့လယ်ခင်းစာ၊ ညစာ၊ ညလယ်စာ)**
**(င) ကျွေးမွေးရမည့်ပုံစံ - Buffet**

၂။ တင်ဒါပုံစံများကို အထက်ပါဆပ်ကော်မတီ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)တွင် တစ်စောင်လျှင် ကျပ် ၄၅၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပြည်ပလုပ်ငန်းရှင်များအတွက် US$ ၅၀နှုန်းဖြင့်လည်းကောင်း ၂၉-၇-၂၀၁၃ရက်မှစတင်ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၆-၈-၂၀၁၃ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ အထက်ပါရုံး၌တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံများကို ၁၉-၈-၂၀၁၃ရက် ၁၅း၀၀နာရီတွင် ဖွင့်ဖောက်ကြေညာပါမည်။

၃။ အဆိုပြုလွှာတင်ဒါသွင်းသူများသည် နေ့စဉ် ကျွေးမွေးစရိတ်နှင့် အိပ်ခန်းဆောင်ထိန်းသိမ်းစရိတ်အား တစ်ဦးလျှင် တစ်ရက် US $ 35 ထက်မပိုသည့်နှုန်းဖြင့် အဆိုပြုနိုင်သည်။

၄။ အဆိုပြုဈေးနှုန်းတူညီနေပါက ယှဉ်ပြိုင်စနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းရာတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(က) တစ်ဦးချင်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့အမည်
(ခ) တစ်ဦးလျှင် တစ်ရက်ကျွေးမွေးမှုနှင့် အိပ်ခန်းဆောင်တည်းခိုထိန်းသိမ်းမှုတို့အတွက် နှုန်းထား (ကျပ်/US$)
(ဂ) တာဝန်ယူချက်ပြုတ်မည့် စားဖိုမှူးများနှင့် အိပ်ခန်းဆောင်ထိန်းသိမ်းမည့် မန်နေဂျာများ၏ အမည်၊ နိုင်ငံသား၊ အတွေ့အကြုံ
(ဃ) ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းအင်အား

၅။ တင်ဒါအောင်မြင်သူသည် အထက်ပါဆပ်ကော်မတီက သတ်မှတ်ထားသော အာမခံငွေ (ကျပ်/US$)ကို ပေးသွင်းနိုင်ရမည်။

၆။ အဆိုပါတင်ဒါအောင်မြင်သူသည် ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၁ရက်မှ ၂၁ရက်အတွင်းကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲ၌လည်း အပိုဒ်(၁)ပါ အချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၇။ အသေးစိတ်သိရှိလိုသည်များကို အထက်ပါဆပ်ကော်မတီ ဖုန်း-၀၆၇-၄၀၆၁၀၄၊ ၀၆၇-၄၀၆၁၄၅၊ ၀၆၇-၄၀၆၄၅၉တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး**
**တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ**

## ပြည်တွင်းဈေးကွက်သတင်း

# ကားပွဲစားတန်း ကားဟောင်းစလစ်ဈေးမြင့်တက်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့ ကားဈေးကွက်တွင် စလစ်ဈေးများ ရုတ်တရက်မြင့်တက်သွားကြောင်း ရန်ကုန်ကားဈေးကွက် သီရိမင်္ဂလာဈေးနှင့် မင်းရဲကျော်စွာ ကားရောင်းဝယ်ရေးစခန်းတို့မှ စုံစမ်းသိရသည်။

"စလစ်ဈေး တက်သွားတာက အအပ်ခံတဲ့ကားတွေ ရှားသွားတယ်။ (သ)အကွာရာနံပါတ်က အစီးရေ တစ်ထောင်လောက်ပဲရှိတယ်။ လာမယ့်လတွေမှာ ကားဟောင်းအပ်တဲ့ စလစ်ဈေးက ဆက်တက်ဖို့ပဲရှိတယ်" ဟု သီရိမင်္ဂလာကားဈေးကွက်မှ ကိုသီဟက ပြောကြားသည်။

**ရှားပါးလာ**

ပြည်တွင်း၌ ယခုကဲ့သို့ စလစ်ဈေးမြင့်တက်ရခြင်းမှာ ပြည်ပမှ တင်သွင်းထားသောကားများ ဆိပ်ကမ်းတွင် အလွန်များပြားနေပြီး ပြည်တွင်း၌ တင်သွင်းခွင့်ရနိုင်သော ကားဟောင်းအပ်စလစ်မှာ အစီးရေ ရှားပါးလာခြင်းကြောင့်ဖြစ်သည်။

ရန်ကုန်ကားဈေးကွက်တွင် ကားဟောင်းအပ်သောစလစ်ဈေးမှာ ယခင်က ငွေကျပ် ၉၅ သိန်းမှ ၉၇ သိန်းခန့်ရှိသော်လည်း ယခု ဇူလိုင်လတွင် စလစ်ဈေးမှာ ငွေကျပ် ၁၀၅ သိန်းအထိ ဈေးပေါက်ကြောင်း၊ ကားဈေးကွက်ရှိ ဝယ်ရောင်းများထံက သိရသည်။ ရန်ကုန်ကားဈေးကွက်မှာ မိုးရာသီဖြစ်သောကြောင့် ပွိုင့်သရီး၊ ပွိုင့်ဖိုက်ကားများဖြစ်သော ဟွန်ဒါဖစ်နှင့် နစ်ဆန်မတ်ချ် စသည့်ကားများမှာ အရောင်းအဝယ်အေးသွားပြီး ယင်းတို့နေရာတွင် အေဒီဗင်ကားများ အဝယ်လိုက်လာကြောင်း ကားဈေးကွက်မှ စုံစမ်းသိရသည်။

**ဈေးလျှော့ရောင်းချ**

ပြည်တွင်းကြိုက် ပရိုဘောက်စ်ကားများနေရာတွင်လည်း အေဒီဗင်အမျိုးအစားဝယ်ယူမှုရှိလာပြီး လက်ရှိဈေးကွက်ထဲတွင် ပရိုဘောက်စ်များကို ဈေးချရောင်းသည်အထိ ဖြစ်နေသည်။ ကားဈေးကွက်တွင် နစ်ဆန်မတ်ချ်၊ ဒီမီယို စသည့် ပွိုင့်သရီးကားများ အရောင်းအဝယ်ဖြစ်ကြောင်းနှင့် ကားဈေးကွက်သည် မိုးတွင်းကာလဖြစ်၍ မင်းရဲကျော်စွာထက် သီရိမင်္ဂလာဈေးမှာ အရောင်းအဝယ်ဖြစ်ကြောင်း စုံစမ်းသိရသည်။ ပရိုဘောက်စ်မှာ လွန်ခဲ့သောကားသစ်များ တင်သွင်းစဉ်က နာမည်ရလာသော ကားဖြစ်လာပြီး ပြည်တွင်းအကြိုက် အမျိုးအစားကားများဖြစ်ခဲ့သည်။ လက်ရှိအချိန်တွင် မိုးတွင်းကာလဖြစ်သောကြောင့် လမ်းမပေါ်ရေတင်သည့်နေရာများတွင် အဆိုပါ ပွိုင့်သရီးကားများနှင့် ပွိုင့်ဖိုက် ကားအမျိုးအစားဖြစ်သော ပရိုဘောက်စ်၊ ဘယ်လ်တာ၊ ဟွန်ဒါဖစ် စသည့်ကားများသည် ရေဝင်နိုင်သောကြောင့် အဝယ်ရှားပါး၍ ဈေးလျှော့ရောင်းချရခြင်းဖြစ်သည်။

"ပရိုဘောက်စ်ကားတွေ ရန်ကုန်ကားဈေးကွက်မှာ ဈေးချရောင်းတဲ့အထိ ဖြစ်နေတယ်။ တက္ကစီနံပါတ်အနီဆိုရင် ငွေကျပ် သိန်း၁၀၀၊ ကျန်တဲ့ ပရိုဘောက်စ်အမျိုးအစားဆိုရင် ငွေကျပ် ၁၂၅ သိန်း ဝန်းကျင်လောက်အထိ ဈေးချရောင်းတယ်"ဟု သီရိမင်္ဂလာကားဈေးကွက်မှ ဝယ်ရောင်း ကိုသီဟက ပြောကြားသည်။

**ကြည်(ရန်ကင်း)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၅-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ၁၆ ပဲရည်(အခေါက်ရွှေ) | တစ်ကျပ်သား | ၆၉၈၂၀၀ |
| ၁၅ ပဲရည် | တစ်ကျပ်သား | ၆၅၇၁၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

## နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၅ - ၉၈၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၇၅ - ၁၂၉၈ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၅ - ၇၇၉ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၈ - ၃၂ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆ - ၁၆.၆ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၆ - ၁၆၀ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ - ၃၀၉ | ကျပ် |

## စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၁၀ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၈၀ | ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |

## သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ငါးကြင်း | တစ်ပိဿာ | ၂၈၀၀ - ၃၆၀၀ | ကျပ် |
| ၂။ငါးမြစ်ချင်း | တစ်ပိဿာ | ၁၀၀၀ - ၂၅၀၀ | ကျပ် |
| ၃။ငါးရံ့ | တစ်ပိဿာ | ၃၀၀၀ - ၄၇၀၀ | ကျပ် |
| ၄။ငါးဖယ် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၃၀၀၀ - ၄၅၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ -၁၅၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၂၀၀၀ -၁၈၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၄၀၀၀ - ၈၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၄၀၀၀ - ၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၃၀၀၀ - ၇၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၀၀၀၀ -၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

## ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁။ | နှမ်းဆန် | တစ်အိတ် | ၁၈၅၀၀ |
| ၂။ | ပေါ်ကျွဲ | တစ်အိတ် | ၂၂၀၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၄၀၀၀-၂၉၅၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၁၃ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၅၃၀(ဒိုး) |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅၀-၁၈၀၀ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၉၅၀ |
| ၉။ | အာလူး(အောင်ပန်း) | တစ်ပိဿာ | ၃၅၀-၆၃၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၂၀၀၀-၂၀၅၀ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၄၀၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၉၃၀-၁၀၆၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်-စေတင်ပြသည်။**

# ဗင်ကားအမျိုးအစားများ မိုးရာသီကြောင့်အရောင်းအဝယ်ဖြစ်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်ကားဈေးကွက်တွင် ကာဒီနာကားအမျိုးအစားနှင့် ဖင်ကောက်အမျိုးအစားဗင်ကားများသည် ဈေးကွက်တွင် ရောင်းမလောက်အောင် လူကြိုက်များနေကြောင်း သီရိမင်္ဂလာဈေးဟောင်းရှိ ကားရောင်းဝယ်ရေးဈေးကွက်မှ ဝယ်ရောင်းတစ်ဦးက ပြောပြသည်။ ရန်ကုန်ကားဈေးကွက်တွင် ယခင် ကပရိုဘောက်စ်၊ ဟွန်ဒါဖစ်များ လူကြိုက်များခဲ့သော်လည်း မိုးတွင်းကာလတွင် သွားလာရလွယ်ကူသော အဆိုပါ ဗင်အမျိုးအစားကားများကို ဝယ်ယူမှုနှင့် လူကြိုက်များမှု ပိုရှိလာခဲ့သည်။ "ပွိုင့်သရီး၊ ဟွန်ဒါဖစ်၊ ပွိုင့်ဖိုက် ဘယ်လ်တာတွေကျတော့ မိုးများလို့ လမ်းရေဝပ်ရင် ကားထဲ ရေဝင်နိုင်တယ်။ ဒီအချိန်မှာ ဗင်ကားတွေက လူကြိုက်များ အဝယ်လိုက်လာတယ်။ ကာဒီနာနဲ့ ဖင်ကောက်အမျိုးအစားဆို ကားပွဲစားတန်းရောက်တာနဲ့ ချက်ချင်းရောင်းထွက်တယ်"ဟု သီရိမင်္ဂလာဈေးမှ ဝယ်ရောင်းတစ်ဦးက ပြောကြားသည်။

ယင်းကားဈေးနှုန်းများသည် ကားဝိုင်းအတွင်း ကာဒီနာ(ဒီဇယ်) ကျပ်သိန်း ၁၇၀ ဝန်းကျင်နှင့် ဓာတ်ဆီဆိုပါက ကျပ်သိန်း ၁၅၀ တို့ဖြစ်ကြောင်း ကားဈေးကွက် ပေါက်ဈေးများအရ သိရသည်။

ထို့အပြင် ပရိုဘောက်စ်ဈေးနှုန်းသည်ကျပ်သိန်း ၁၀၀ မှ ၁၂၅ သိန်းဝန်းကျင်ခန့်ဖြစ်သည်။ ယခုလတ်တလော လူကြိုက်များသော ကားများသည် အမြင့်တန်းတွင် (ရက်ဖိုး) အမျိုးအစားကျပ်သိန်း ၂၂၀ ဝန်းကျင်၊ တိုယိုတာခရူဇာ အမျိုးအစားပစ္စည်းစုံ ကျပ် ၂၇၅ သိန်းမှ သိန်း ၂၈၀ ဝန်းကျင်နှင့်ဖင်ကောက် သဘာဝဓာတ်ငွေ့အိုးပါ ကျပ်သိန်း ၂၀၀ စသည်ဖြင့် ဈေးများရှိကြောင်း စုံစမ်းသိရသည်။

**ကြည်(ရန်ကင်း)**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ

ဦးဌေးလှိုင်(ဥက္ကဋ္ဌ၊ မာလာမြိုင်ကုမ္ပဏီလီမိတက်)-ဒေါ်လဲ့လဲ့ဦး(ဒု-ဥက္ကဋ္ဌ၊ မာလာမြိုင်ကုမ္ပဏီလီမိတက်)တို့၏သား

**မောင်သော်တာထွန်း**

**(BAg-Bus, Curtin University of Technology, Western Australia)**

**(Diploma in Biotechnology, Temasek Polytechnic, Singapore)**

**(1st year MBA, University of Thai Chamber of Commerce)**

**နှင့်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ

ဦးစိန်လွင်(ဥက္ကဋ္ဌ၊ ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီအုပ်စု)-ဒေါ်တင်တင်သန့်တို့၏သမီးငယ်

**မအင်ကြင်းလွင်**

**(B.Com, Curtin University of Technology, Western Australia)**

**(1st year MBA, University of Thai Chamber of Commerce)**

သီရိပျံချီ ဦးအောင်သောင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန(ဝန်ကြီး၊ ငြိမ်း)၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ခင်ရီသည် ၁၂-၇-၂၀၁၃ရက် (သောကြာနေ့) နံနက် ၅း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**(ဦးသန်းဌေးအောင်)-ဒေါ်သက်သက်ဌေး**
**TET THIT WAI Co., Ltd.**

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမဒေါ်ဟမီဒါ(ခ)ဟာဂျီမဒေါ်မြင့်မြင့်သိန်း

**အသက်(၆၁)နှစ်**

မြစ်ကြီးနားမြို့၊ အမှတ် ၇၆၊ ရှမ်းစုမြောက်ရပ်နေ (ဦးအာမတ်-ဒေါ်တင်)၊ မန္တလေးမြို့၊ သရဖီပင်လက်ကြားရပ်နေ (ဟာဂျီ ဦးစွာလေးဟ်အဟ်မဒ်-ဟာဂျီမ ဒေါ်အရှာဘီ)တို့၏သမီး၊ ဦးစိုးမင်း၊ မခင်ညို၊ မခင်နွဲ့တို့၏အစ်မ၊ ရန်ကုန်မြို့နေ (ဟာဂျီ ဦး M.A ကလာမ်-ဒေါ်တင်ဦး)၊ မန္တလေးမြို့၊ ၈၃လမ်းနေ(ဟာဂျီဦးဘလှိုင်)၊ ဟာဂျီ ဦးဘကြိုင်၊ ၂၆လမ်းနေ (ဆရာဦးမြိုင်)၊ (ဟာဂျီ ဦးတော်)၊ (ဟာဂျီ ဦးတိုး)၊ (ရှရစ်ဘိုင်)၊ (အဇစ်ဘိုင်)တို့၏ညီမ၊ သရဖီပင်လက်ကြားရပ်နေ (ဟာဂျီမ ဒေါ်မြင့်မြင့်စိမ်း)၏အစ်မ၊ ကိုစိုးရွှေ-မဇင်မာလင်း၊ မနေခြည်လင်း၊ ကိုခင်မောင်အေး-မထွေးနန္ဒာလင်း၊ ဒေါက်တာဝေယံအုန်းကျော်-မဖြိုးဟေမာလင်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ စစ်ကိုင်းမြို့၊ အမှတ် ၂၆၀၊ ပန်းဘဲတန်းရပ်နေ ဟာဂျီ ဦးမောင်မောင်(ဦးမောင်မောင်ကုန်မာဆိုင်)၏ဇနီးသည် ၂၀-၇-၂၀၁၃ရက် (စနေနေ့) ညနေ ၄း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၁-၇-၂၀၁၃ရက်(တနင်္ဂနွေနေ့)ဇဟိုရ်နမာဇ်အပြီး မွန်းလွဲ ၂နာရီတွင် စစ်ကိုင်းမြို့ တင်းတိပ်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးတင်မောင်အေး

**လက်ထောက်အင်ဂျင်နီယာ၊ (AGTI, Civil)**
**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့**
**အသက်(၄၉)နှစ်**

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်နေ ဦးဘသိန်း-(ဒေါ်လွန်းမေ)တို့၏သား၊ မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်နေ(ဦးစိန်ထွန်း)-ဒေါ်စန်းရီတို့၏သားသမက်၊ ပျော်ဘွယ်မြို့၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာနေ ဒေါ်သီတာစိန်၏ခင်ပွန်း၊ မဖူး မြတ်မြတ်ကို၊ မောင်ဝေယံလင်းတို့၏ဖခင်သည် ၂၄-၇-၂၀၁၃ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ပျော်ဘွယ်မြို့ သင်းကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ပျော်ဘွယ်မြို့ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ချို

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ပုလဲရတနာလမ်းနှင့် ထားဝယ်လမ်းထောင့်၊ အမှတ် ၂၃၇၊ ၂၃၈၊ ၂၃၉နှင့် ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက် ၆၉၊ အခန်း ၃၀၄နေ (ဦးလှိုင်ကြည်)-ဒေါ်တင်တင်အေး(မြိတ်)တို့၏သား၊ ဦးမြသိန်း(Roy)-ဒေါ်ဝင်းဝင်းကြူ၊ ဦးတင်ထွဋ်-ဒေါ်ညွန့်ညွန့်မေ၊ ဒေါ်သီသီ၊ (ဦးဝင်းကိုကို၊ W.S၊ လိပ်သည်းကျောက်ရောင်းဝယ်ရေး)-ဒေါ်စိုးစိုးမေ(Royal Guest House)တို့၏ညီ/မောင်၊ ဗိုလ်မှူးခင်အောင်ချို-ဒေါ်ခင်ဝင်းဝင်းတို့၏အစ်ကို၊ တူ၊ တူမ ၁၀ ယောက်တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏ဘိုးလေးသည် ၂၇-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀နာရီတွင် တောင်ဒဂုံကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ တောင်ဒဂုံ နေအိမ်သို့ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Pastor Nu Ciin Lam Lun

**(Youth Pastor ဟာလေလုယဇေဝံဂေလိအသင်းတော်)**
**B.Sc (Maths), AGTI(MP), B.Tech (Mechanical) မုံရွာမြို့**
**အသက်(၃၈)နှစ်**

မုံရွာမြို့၊ ဗဒုံရပ်ကွက်နေ အသင်းအုပ်ဆရာ Rev.Cin Khan Thang (ဟာလေလုယဇေဝံဂေလိအသင်းတော်၊ ဗဒုံ၊ အလုံ၊ မုံရွာမြို့/မြန်မာ့သစ်လုပ်ငန်း၊ မန်နေဂျာ၊ အင်ဂျင်နီယာ၊ ငြိမ်း)-Pastor Hau Khen Cing (ဟာလေလုယဇေဝံဂေလိအသင်းတော်)တို့၏သမီးကြီး၊ Pastor Mang Ngaih Khawm (HIC အသင်းတော်၊ စင်ကာပူ)၊ Pastor Zam Suan Kim (HIC အသင်းတော်၊ စင်ကာပူ)၊ Pastor Cing San Nuam-Pastor Ko Ko Naing (ဟာလေလုယဇေဝံဂေလိအသင်းတော်)၊ Pastor Thang Sian Sang (ခ)စံပီး(HWC အသင်းတော်၊ ရန်ကုန်မြို့)တို့၏အစ်မ၊ မ Cing Sian Muan၊ မောင် Thang Sian Kip တို့၏မိခင်၊ ဦးစိုးမိုးအောင်(All Big Trading Pte. Ltd, စင်ကာပူ)၏ဇနီးသည် ၂၄-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၀နာရီ၌ အာရှတော်ဝင်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၇-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [၃၄/၁၃၅၀၊ ဗိုလ်မင်းရောင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှလည်းကောင်း၊ ဓမ္မာနွေလဘုရားကျောင်းရှေ့နှင့် ယုဇန(ပိတောက်ကွေ့)တို့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်မြသွင် (ဒေါ်ပုံ)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် ၁၉၈နေ (ဦးဖိုး-ဒေါ်ငုံ)တို့၏သမီး၊ (ဦးတင်မောင်၊ မြန်မာ့မီးရထား၊ ငြိမ်း)၏ ဇနီး၊ ဒေါက်တာထွန်းလွင်-ဒေါ်ဝါဝါနိုင်တို့၏မိခင်၊ ဒေါက်တာလင်းကျော်သူထွန်း၏အဘွားသည် ၂၄-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်ရှယ်လီ

**အသက်(၈၇)နှစ်**

မိုးကုတ်မြို့၊ ဈေးဟောင်းရပ်နေ ဦးအောင်ကျော်-ဒေါ်ဘေဘီ၊ မဂျေရဲ၊ တောင်ကြီးမြို့နေ ဦးကျော်သူ-ဒေါ်သန်းသန်း၊ မိုးကုတ်မြို့နေ ဦးကျော်သောင်း-ဒေါ်ဆူဇန်ဘေဘီ၊ မရာဂျူးမ(ခ)ချိုချိုလွင်၊ မန္တလေးမြို့နေ ဦးလှမျိုး-ဒေါ်နီနီအေး၊ ဦးဝင်းတင်-ဒေါ်အင်ဒရာတို့၏မိခင်၊ မြေး၊ မြစ် ၁၅ယောက်တို့၏အဘွား၊ (ဦးစောလဲ)၏ဇနီးသည် ၂၃-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် မန္တလေးမြို့၊ ၈၂လမ်း၊ ၂၂×၂၃လမ်းကြားနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

သံဖြူဇရပ်မြို့နယ်အသင်းနာယက

## ဦးအောင်မြင့်

**အသက်(၈၀)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ဓမ္မဝိဟာရလမ်း၊ အမှတ် ၂၀၊ ဒုတိယထပ်နေ ဦးချစ်ခိုင်-ဒေါ်မံစီတို့၏သား၊ ဒေါ်ဖွားကြည်၏ခင်ပွန်း၊ ဦးမြင့်ကြည်-ဒေါ်တင်ရီတို့၏အစ်ကို၊ ဦးသက်လွင်-ဒေါ်နီနီရှိန်၊ ဦးအောင်မျိုးရှိန်-ဒေါ်ဝင်းလဲ့အောင်၊ ဦးအောင်ကျော်ရှိန်-ဒေါ်မိုးသီတာအောင်၊ ဦးမြင့်နိုင်-ဒေါ်ကြည်ကြည်ရှိန်၊ ဦးအောင်တင်ရှိန်-ဒေါ်ထူးထူးဝင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် ဓမ္မဝိဟာရလမ်း၊ အမှတ် ၂၀၊ ဒုတိယထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းသန်းနု(ခ)မပေါက်

**အသက်(၅၅)နှစ်**

အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးတင်မောင်ဆွေ-ဒေါ်မိမိမော်တို့၏အစ်မ ဒေါ်သန်းသန်းနု(ခ)မပေါက်သည် ၂၁-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မိသားစု**

---

## ဦးမြသွေး(ခ)ကိုဖိုးခင် (ပခုက္ကူမြို့)

**အထက(၄)ပုဇွန်တောင်ကျောင်းသားဟောင်း**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၄၂-၄၄၊ ၅၂လမ်းနေ (ဦးသန်းအောင်)-ဒေါ်မြသိန်း၊ ဒေါ်တင်ရီ(ဒေါ်မြသိန်းနှင့်သားများ ပလတ်စတစ်လုပ်ငန်း၊ လင်းသာဦးဟိုတယ်၊ ငပလီ)တို့၏သား၊ ပခုက္ကူမြို့၊ မုံညှင်းစုရပ် (ဦးချစ်)၊ (ဒေါ်လှမြင့်)တို့၏တူသား၊ ဦးမြင့်ဆန်း-ဒေါ်စန္ဒာဝင်းတို့၏ညီ၊ ဦးကိုကိုလေး-ဒေါ်ခင်မျိုးရီ၊ ဒေါ်နီနီအေးတို့၏အစ်ကို၊ မအေးပွင့်ဖြိုး၊ မထက်ထက်ချိုတို့၏ဦးလေးသည် ၂၄-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၅၂လမ်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်အေးခင်

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပကွက်၊ ဝါဝါဝင်းအိမ်ရာ၊ တိုက် ၃၊ အခန်း ၄၀၂နေ(ဦးသီဟန်၊ နိုင်ငံခြားရေးဝန်ကြီး၊ငြိမ်း၊ အသင်း၏ ယခင်နာယကကြီး)၏ဇနီး၊ သက်ကြီးကန်တော့ခံရာသက်ပန်အသင်းဝင် (ရာ-၆၄၇)သည် ၂၃-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

---

## ဒေါ်အုံးမြင့်

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ တိုက်အမှတ် ၂၈၁-က၊ အခန်း ၇၊ ရန်အောင်လမ်းမနေ (ဦးဘရှင်-ဒေါ်မြအေး)တို့၏သမီး၊ (ဦးလှဘော်ဇံ-ဒေါ်လှမြဦး)တို့၏ သမီးချွေးမ၊ ဦးအောင်ကျော်မြ (ဒု/ညွှန်ချုပ်၊ ငြိမ်း၊ ဘ.ခ.ရ၊ သတ္တုတွင်းဝန်ကြီးဌာန၊ အချိန်ပိုင်းပါမောက္ခ၊ ဘူမိ၊ ရန်ကုန်တက္ကသိုလ်)၏ဇနီး၊ (ဦးမောင်ရီ-ဒေါ်မြစိန်)၊ (ဒေါ်မြသန်း)၊ (ဦးကျော်မြင့်)၊ (ဦးမြသိန်း-ဒေါ်စိုးမြင့်)တို့၏ညီမ၊ ဦးတင်အေး-ဒေါ်မြသွေး၊ ဒေါ်သင်းသင်းဌေးတို့၏အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏ကြီးတော်၊ အဒေါ်သည် ၂၅-၇-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

---

## ဒေါ်ခင်လေး အသက်(၈၀)

ချင်းပြည်နယ်၊ မင်းတပ်မြို့၊ ဘဝသစ်ရပ်ကွက်နေ (ဦးသောင်း)၏ဇနီး၊ (ဦးရဲထွဋ်) - ဒေါ်ရီရီတင့်(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်)၊ ဒေါ်ခင်ဝင်း (အလယ်တန်းပြ)၊ (ဦးရဲမြင့်)-ဒေါ်တင်တင်မူ၊ (ဦးတင်ထွဋ်)၊ဦးသန်းလွင်-ဒေါ်ရီရီဝင်း(အထက်တန်းကျောင်းအုပ်)၊ ဦးဝင်းဦး(ခေတ္တ-စင်ကာပူ)၊ [ဒေါ်ခင်ခင်သောင်း(ခ)မိစိမ်း]၊ဒေါ်ခင်မျိုးကြည်၊ (ဦးထွန်းလှိုင်)၊ ဦးစံလှ-ဒေါ်ခင်မျိုးထွေးတို့၏မိခင်၊မြေးရှစ်ယောက်တို့၏အဘွားသည် ၂၄-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၃ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## မောင်ဝေဖြိုးဟန်

**New World Therapeutic Training Centre**
**အသက်(၃)နှစ်နှင့် (၃)ရက်**

မြင်းခြံမြို့၊ (၁၈)ရပ်ကွက်၊ အပိုင်း (၁)၊ အမှတ် ၂၂နေ(ဦးလှဖေ)-ဒေါ်သန်းကြည်တို့၏မြေး၊ ဒေါ်စိန်စိန်-(ဦးသန်းအောင်)၊ ဒေါ်စန်းမြင့်-ဦးဘဆိုင်၊ ဒေါ်တင်မိုးမိုးအေး (လူမှုဖူလုံရေး၊ မြင်းခြံ)တို့၏တူ၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးသီဟန်(2nd အင်ဂျင်နီယာ၊ Mariner Shipping)-ဒေါ်သဇင်လွင်တို့၏သားငယ်၊ မောင်အောင်မျိုးဟန် (Grade -V, K, TTC)၏ညီလေး၊ ဒေါ်သီတာအောင်၊ဒေါ်ကြူကြူအောင်၊မအေးမြတ်မွန်တို့၏မောင်လေး၊ ကိုဇေယျာအောင်၊ ကိုဇာနည်အောင်တို့၏ညီလေးသည် ၂၄-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက်၅နာရီတွင် ရန်ကင်းကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ၂း၃၀နာရီတွင် ရန်ကင်းကလေးဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး

## ဦးဘမြိုင် (ကျောက်ဖြူ)

**လဝကမှူး(ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ရွှေယင်းမာလမ်း၊ အမှတ် ၂၃၆ နေ (ရှေ့နေကြီး ဦးကောင်း-ဒေါ်ဒါနု) တို့၏သား၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒေါ်ဥမ္မာမြိုင်(အလက-၄၊ ရန်ကင်း)၊ ဒေါ်မိုးစန္ဒာမြိုင် (အမက-၁၂၊ ရန်ကင်း)၊ ဦးသိုင်းအေး-ဒေါ်မိုးနီလာမြိုင်(ကျောက်မျက်)၊ ဗိုလ်မှူးမိုးသူရ(ငြိမ်း) (ဆက်သွယ်ရေး)-ဒေါ်အောင်ဌေးမြင့်၊ ဦးကျော်သူရ(ဆာကူရာ၊အင်ဂျင်နီယာဌာန)-ဒေါ်ခင်နန္ဒာထွန်း (C.B Bank) တို့၏ဖခင်၊ ဗိုလ်ကြီးရဲမင်းဟန်-မစုစုလွင်၊ မမေဖူးဟန်၊ မကောင်းဆုစံ၊ မသန့်သီရိထက်၊ မောင်ပြည့်မိုးအောင်၊ မောင်ထွန်းခန့်ကျော်တို့၏အဘိုး၊ မောင်သီဟထွဋ်ဟန်၏ဘိုးဘိုးကြီးသည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး

## ဦးဘမြိုင် (ကျောက်ဖြူ)

**လဝကမှူး(ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ရွှေယင်းမာလမ်း၊ အမှတ် ၂၃၆ နေ (ရှေ့နေကြီး ဦးကောင်း-ဒေါ်ဒါနု) တို့၏သား၊ (ဦးဖြူ-ဒေါ်သန်းညွန့်)တို့၏ သားသမက်၊ဒေါ်စန်းရီ၏ခင်ပွန်း၊ (ဦးဘကျော် - ဒေါ်သန့်သန့်)၊ (ဒေါ်မြိုင်)၊ (ဦးထွန်းမြိုင်)-ဒေါ်တင်မျိုးနွယ်၊ (ဒေါ်အုန်းကြင်)၊ (ဦးအုန်းမြိုင်)-ဒေါ်ရီရီမြင့်တို့၏ညီ/မောင်၊ ဒေါ်လှလှရီ၊ ဒုတိယဗိုလ်မှူးကြီးအောင်ချစ်(ငြိမ်း)-ဒေါ်သဇင်သာထွန်း၊ (ဗိုလ်ကြီးဘစံ-ဒေါ်ဒေါ်လီ)၊ (ဦးမောင်မောင်) - ဒေါ်နုနုယဉ်တို့၏အစ်ကိုသည် ၂၅-၇-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၆နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်အုံးမြင့်

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ တိုက်အမှတ် ၂၈၁-က၊ အခန်း ၇၊ ရန်အောင်လမ်းမနေ (ဦးဘရှင်-ဒေါ်မြအေး)တို့၏သမီး၊ (ဦးလှဘော်ဇံ-ဒေါ်လှမြဦး)တို့၏ သမီးချွေးမ၊ ဦးအောင်ကျော်မြ (ဒု/ညွှန်ချုပ်၊ ငြိမ်း၊ ဘ.ခ.ရ၊ သတ္တုတွင်းဝန်ကြီးဌာန၊ အချိန်ပိုင်းပါမောက္ခ၊ ဘူမိ၊ ရန်ကုန်တက္ကသိုလ်)၏ဇနီး၊ ဦးအောင်ကျော်ထွန်း(2nd Mate F.G)-ဒေါ်မြတ်စန္ဒာ (လ/ထ မန်နေဂျာ၊ အာရှရန်ကုန်ဘဏ်၊ ဘုရင့်နောင်)၊ ဦးအောင်မင်းခိုင်၊ ဦးနေအောင် (Instructor Mercury Fraining Center)-ဒေါ်မြတ်ကေသီ(ဦးစီးအရာရှိ၊ ဘ.ခ.ရ)၊ ဦးအောင်သိန်းဆွေ-ဒေါ်နန်းအေးနွယ်၊ ဗိုလ်ကြီးသန်းထွန်းအောင် (အထွေထွေရောဂါအထူးကုသမားတော်၊ တဆရ ၅/၁၀၀၊ မြိတ်မြို့)တို့၏မိခင်၊ မောင်ကျော်ထက်အောင် (Thacos Maritime Co.)၊ မအေးသန္တာကျော် (G-III ရန်ကင်း TTC)တို့၏အဘွားသည် ၂၅-၇-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ ရက် (စနေနေ့)ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆိတ်ဖူးတောင်တောရ၊ သက်တော်ရှည်ဆရာတော်ကြီး

## ဘဒ္ဒန္တ ဦးစိန္တာ

**စိတ္တသုခကျောင်းတိုက်၊ မြောက်နန်ချွန်၊ ရေတာရှည်မြို့နယ်**
**သက်တော်(၁၀၆)နှစ်၊ သိက္ခာတော်(၈၆)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ကြံသန္တယ်ကျေးရွာအုပ်စု၊ မြောက်နန်ချွန်ရွာ စိတ္တသုခကျောင်းတိုက်၏ဩဝါဒါစရိယ၊ ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဦးစိန္တာသည် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက်) ၂၄-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၀၈နာရီတွင် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမဈာပနသဘင် ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ အန္တိမဈာပနသဘင်ကျင်းပရေးကော်မတီ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုန္ဒရ မဟာထေရ်

**ဇုတ်သုတ်စံပြကျေးရွာ သံဃနာယကအဖွဲ့(သုဓမ္မာ)**
**ဥက္ကဋ္ဌဆရာတော်**
**သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ကျိုက်ထီးဆောင်းဘုရားကြီးကျောင်းတိုက်၊ ဇုတ်သုတ်စံပြကျေးရွာ သံဃနာယကအဖွဲ့(သုဓမ္မာ) ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်မြတ်ကြီးသည် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက်) ၂၄-၇-၂၀၁၃ရက် နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ယင်းနေ့ မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိဈာပန မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးလှကျော်စိန် (ငြိမ်း)

**BC -၇၂၃၇ (အမှတ်စဉ်-၁၅)**
**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်(ငြိမ်း)**
**မြို့နယ်တရားသူကြီးဥက္ကဋ္ဌ(ငြိမ်း)**
**အသက်(၈၃)နှစ်**

အမှတ် ၁၄၁၄၊ ဇော်ဂျီလမ်း၊(၄၂)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ဦးစိန်ဘန်း၊ မီးရထားဆရာဝန်ကြီး-ဒေါ်မြဂွမ်း)တို့၏သား၊ ဒေါ်တင်တင်မြင့်(အန်တီအေး)၏ခင်ပွန်း၊ ဒေါက်တာသိင်္ဂီနွယ် (တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးပညာစာရ(ကိုမျိုး)၊ ဒေါ်ကေသီသွယ်[လဝကမှူး၊ လဝက၊ နသေ(ပြု)]၊ (ကိုပိုး)၊ မောင်ဖြိုးမောင်မောင်ကျော်-မစန်းစန်းကျော်တို့၏ဖခင်၊ မောင်အာကာအောင်သွင်၏အဘိုးသည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဒေါ်လွန်း(ခ)ဖွားလွန်း(မြိတ်)

**အသက်(၉၉)နှစ်**

မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အောက်ရေပုန်းလမ်းနေ(ဦးစစ်အိုင်း-ဒေါ်ရှုနိုက်)တို့၏သမီး၊(ဒေါ်စန်းကြည်)၊(ဦးဟုန်ရွှေ)၊ ဒေါ်ထွေးကြည်၊ ရဲမှူးထွန်းလွင်(ငြိမ်း၊ သတင်းတပ်ဖွဲ့)-ဒေါ်ရီရီဌေး၊ ဦးဘွန်ကြည်-ဒေါ်ထွေးထွေးရီ၊ ဦးမောင်သိန်း-ဒေါ်မြနွဲ့(ငွေဇာယံစားသောက်ဆိုင်)တို့၏မိခင်၊ ကိုပြည့်စုံ-မသင်းသင်းမော်၊ ကိုတိုက်သာနှောင်း-မနိုင်နိုင်ချို၊ကိုသက်ဇော်မောင်၊ ကိုတိုးဝင်း(ခ)အဝီ-မအေးနွေးနွေးချော၊ ကိုသိန်းဝင်းနိုင်-မကုဋ္ဌေ၊ မမေမေခင်၊ မနေဇာလွင်၊ ကိုအေးမင်းပိုက်(ခ)အိုငယ်-မမေသူလွင်၊ မသီရိထွန်း၊ ဒေါက်တာလူမော်ထွန်းတို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးထွန်းမြ)၏ဇနီးသည် ၂၄-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၃ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွန်း

**စာရင်းစစ်(ငြိမ်း)၊စာရင်းစစ်ချုပ်ရုံး**
**အသက်(၇၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ(ဦးထွန်းမင်း-ဒေါ်အေး)တို့၏သား၊ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာနေ ဦးစိုးရီ-ဒေါ်အမာတင်တို့၏သားသမက်၊ (ဦးတင်အေး)-ဒေါ်ထွေးကြည်၊ ဦးမြင့်တင်-ဒေါ်တင်ကြည်၊ (ဦးကြင်ဦး)-ဒေါ်လှမြင့်၊ ဒေါ်အုံးရီ၊ ဦးမြင့်ရင်-ဒေါ်တင်ဆောင်း၊ ဒေါ်ခင်အုံး၊ ဦးအောင်စိုး - ဒေါ်မြသွယ်တို့၏ညီ/အစ်ကို၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ ၂လမ်း၊ အမှတ် ၅၁၀/၁နေ ဦးကျော်ကျော် - ဒေါ်ခင်သန္တာထွန်း၊ ဦးတင်ဦး - ဒေါ်စုလှိုင်ဝင်းတို့၏ဖခင်၊ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ မောင်ဟိန်းခန့်သော်၊ မနှင်းစုရတီတို့၏အဘိုးသည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၉း၄၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၃ ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## အရာခံဗိုလ်ခုပ်ဇမုံ (ငြိမ်း)

**အသက်(၇၁)နှစ်**

ကလေးမြို့၊ တာဟန်း၊ နယ်မြေ(၆)၊ အမှတ် ၈၆နေ ဗိုလ်ပေါင်ခိုနန်(ငြိမ်း)-ဒေါ်ညောင်းခိုလွန်းတို့၏သား၊ ကမ်းခိုပေါင် (ဒုအရာခံဗိုလ်၊ ငြိမ်း၊ ကြည်း ၅၈၀၆၅)၏ညီ၊ ဗိုလ်နန်ခန့်ဟန်(၅၅၉ ခြေမြန်တပ်)၊ ဖာပွန်မြို့နေ ဒေါ်အုန်းမိ၏ခင်ပွန်း၊ မလွန်ခန့်လျန်(ဘဏ်-ဖာပွန်)၊ မောင်ပေါင်ခန့်မုန် (မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ဖာပွန်)တို့၏ဖခင်သည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၄း၁၀နာရီတွင် တာဟန်းနေအိမ်၌ထာဝရအိပ်ပျော်သွားပါသဖြင့် ၂၆-၇-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ကလေးမြို့ ဒိုးဝိုင်းချောင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမွေးချင်းများ

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမဒေါ်နော်ဘရင်းဒါ

**အထက(၂)လှိုင်သာယာ**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ ကျမ်းစာသင်ကျောင်းလမ်း၊ အမှတ် ၉၆၃(B)နေ ဦးစောယာခင်-ဒေါ်နော်လူစီတို့၏သမီးကြီး၊ (ဦးစောထူးပွယ်)၏ဇနီး၊ ဦးစောဟင်းဒရိတ်-နော်စထားသိန်း၊ နော်မိုင်းရာ-စောရစ်ချက်၊ (စောမေးလ်တန်)-နော်ဖလယ်စေးတို့၏အစ်မကြီး၊ စောကွယ်ထူး၊ နော်အယ်ဂေးထူး၊ နော်ထီးမူးထူး၊ စောဝီလျံထူးတို့၏မိခင်သည် ၂၅-၇-၂၀၁၃ရက် နံနက် ၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၇-၇-၂၀၁၃ရက် (စနေနေ့) နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ခရစ်ယာန်ဓမ္မတက္ကသိုလ်(M.I.C.T) ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ဗီယက်နမ်-မြန်မာချစ်ခင်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးနှင့် ချဲ့ထွင်နိုင်ရေးဆက်လက်ဆောင်ရွက်

နေပြည်တော်    ဇူလိုင်    ၂၅

**ယနေ့တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသတ္တမနေ့ကို အစီအစဉ် (၁၃)ခုဖြင့် ကျင်းပသည်။**

အစည်းအဝေး၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. NGUYEN SINH HUNG က မိန့်ခွန်းပြောကြားရာတွင် အမျိုးမျိုးသောအကြောင်းအရာများကို နောက်ခံထားလျက် ဗီယက်နမ်နှင့် မြန်မာတို့သည် အစဉ်အလာရှိပြီးသော ချစ်ခင်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေရေးနှင့် ချဲ့ထွင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်နေပါကြောင်း၊ အဆိုပါအချက်သည် ဖွံ့ဖြိုးတိုးတက်လာရန်လိုအပ်သည့် ဦးတည်ချက်လည်းဖြစ်ပြီး ပြည်သူများ၏ဆန္ဒနှင့် ခေါင်းဆောင်များ၏တာဝန်လည်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်လည်း အထက်ဖော်ပြပါအချက်သည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကြွယ်ဝချမ်းသာစေရေးကို ထိန်းသိမ်းရန်နှင့် ခိုင်မာစေရန် အပါအဝင်ဖြစ်သော တစ်နိုင်ငံချင်းစီ၏ ပြန်လည်ပြင်ဆင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စေမည့် ဦးဆောင်လမ်းညွှန်ချက်လည်း ဖြစ်ပါကြောင်း၊ မိမိတို့ ယခုလတ်တလောရရှိသည့် အောင်မြင်မှုသည် မိမိတို့ နှစ်နိုင်ငံအကြားနှင့် လွှတ်တော်နှစ်ရပ်အကြား တိုးတက်အောင်မြင်ထွန်းကားမည့် ဆက်ဆံရေးကိုရရှိရန် ခိုင်မာသောအခြေခံရရှိခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြရာတွင် မိမိဦးဆောင်သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီအနေဖြင့် အဖွဲ့ လေးဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့အနေဖြင့် စီမံကိန်းအတွက်သိမ်းဆည်းခဲ့သော မြေဧရိယာ ၇၈၆၇ ဒသမ ၇၈ ဧကကို ကွင်းဆင်းတိုင်းတာစိစစ်ရာတွင် ထုတ်နုတ်ရမည့် ဧရိယာ ၉၀၂ ဒသမ ၂၄ ဧကဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိသော မြေဧရိယာမှာ ၆၉၆၅ ဒသမ ၅၄ ဧက ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ❐



ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. NGUYEN SINH HUNG က တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

## လက်ပံတောင်းတောင်အစီရင်ခံစာအပေါ် အကောင်အထည်ဖော်မှုအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အချို့၏ အမြင်များ

# တရားဥပဒေစိုးမိုးရေးကို ဂရုပြုလုပ်ငန်းရှင်၊ ပြည်သူ မရွေး ဥပဒေအောက်မှာ လူတိုင်းရှိရင် အရာရာအဆင်ပြေမည်ဖြစ်

အမေး/အရေး-ခင်ရတနာ၊ ဓာတ်ပုံ-ရွှေကိုကိုလေး(သတင်းစဉ်)

နေပြည်တော်    ဇူလိုင်    ၂၅

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သတ္တမပုံမှန်အစည်းအဝေး၌ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ၏ဆောင်ရွက်ချက်များအား နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ အချက်အလက်များအား သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်တို့က ရှင်းလင်းတင်ပြခဲ့သည်။

လက်ပံတောင်းတောင်စီမံကိန်းသည် မြန်မာနိုင်ငံရှိ လက်ရှိစီမံကိန်းများအနက် လူသိအများဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး ဇူလိုင် ၂၄ ရက်က အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊

*စာမျက်နှာ ၈ ကော်လံ ၁* ❍



ဒေါ်ခင်စန်းလှိုင်
ပုလဲမဲဆန္ဒနယ်



ဦးသန်းမြင့်
ဆားလင်းကြီးမဲဆန္ဒနယ်



ဦးခင်မောင်ရီ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်(၆)



ဦးငွေဦး
ဟသ္သာတမဲဆန္ဒနယ်

# လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော်    ဇူလိုင်    ၂၅

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးရုံးဟောင်း။

# ရန်ကုန်မြို့ ရှေးဟောင်းအဆောက်အအုံလေးခုအား ဟိုတယ်များအဖြစ် မွမ်းမံဖွင့်လှစ်မည်

ရန်ကုန်    ဇူလိုင်    ၂၅

မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုများပြားလာသည်နှင့်အမျှ တည်းခိုရန် ဟိုတယ်ခန်းလိုအပ်မှု လျော့ပါးသက်သာစေရေးအတွက် ရန်ကုန်မြို့ ဆူးလေဘုရားဝန်းကျင်ရှိ အသုံးမပြုသည့် အစိုးရရှေးဟောင်းရုံးအဆောက်အအုံလေးခုကို ဟိုတယ်များအဖြစ်ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၅ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများအနက် အသုံးမပြုဘဲထားရှိသည့်

*စာမျက်နှာ ၅ ကော်လံ ၅* ▲

# ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်

နေပြည်တော်    ဇူလိုင်    ၂၅

ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ယနေ့နံနက် ၄ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့သည်။ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# နေရာအနှံ့ မိုးကြီးနိုင်

နေပြည်တော်    ဇူလိုင်    ၂၅

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည့်အပြင် အထက်လေထုလွှာအတွင်း အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်း၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများ၊ ကချင်၊ ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

# အားကစား

၂၆-၇-၂၀၁၃
သောကြာနေ့

ထွန်းရွှေဝါ
တိုင်းရင်း
ဆေးဝါးကောင်းများ

အချုပ်ပို



## မန်ယူရဲ့ လိုအပ်ချက်နဲ့ မိုယက်စ်ရဲ့ လုပ်ကွက်

စာ-၂

## ဂျာမန်ရှုပါပလားအပေါ် တည်မှီနေတဲ့ ကွာဒီယိုလာရဲ့ ရှေ့ခရီး

စာ-၃

## ယူရိုဆန်း ၅၀ လူငယ်နှစ်ဦးနဲ့ ပီအက်စ်ဂျီရဲ့လုပ်ရပ်

စာ-၂-၃

## ဘိုင်ယန်မြူးနစ်အသင်းရဲ့ စိတ်ဝင်စားစရာ ပုစ္ဆာတစ်ပုဒ် သို့မဟုတ် အယ်ကန်တာရာ

စာ-၃



လမ်းလျှောက်ပါ ဆန္ဒမွန် သောက်ပါ

ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်

BIOGESIC
ဘိုင်အိုဂျက်ဆစ် နံပါတ်တစ်


# မန်ယူရဲ့လိုအပ်ချက်နဲ့ မိုယက်စ်ရဲ့လုပ်ကွက်

ဝေမိုး ဆက်

ပထမ အယ်ကန်တာရာ၊ နောက် ဖာဘရီဂတ်စ်။ ပြီးတော့ ကာဗာနီနဲ့ ထပ်ရန်။ မိုယက်စ်ရဲ့ အရွှေ့နဲ့ လုပ်ကွက်က အတွေးတစ်ခုကို ပွားစေတယ်။ပုစ္ဆာတစ်ပုဒ်ကို အသက်ဝင်စေတယ်။ တခြားမကြည့်နဲ့၊ အယ်ကန်တာရာကို မရတဲ့ အခါ ဖာဘရီဂတ်စ်ကို ပေါင်သန်း ၃၀ အထိ ပေးကမ်းလှမ်းတယ်။ မရောင်းဘူးလို့ဆိုတော့ ထပ်တိုးပေးတဲ့အပြင် တစ်ပတ်လုပ်ခပေါင် နှစ်သိန်းဆိုတဲ့ မက်လုံးနဲ့ ထပ်ပစ်တယ်။ ဒီနှုန်းက လက်ရှိ ဘာစီလိုနာမှာ ဖာဘရီဂတ်စ်ရနေတဲ့ လုပ်ခလစာရဲ့ နှစ်ဆ။ပြီးတော့ ကမ္ဘာ့ဘောလုံးလောကမှာ တော်ရုံကစားသမားမျိုးမရနိုင်တဲ့ နှုန်း။ ဒီတော့ မရမဖြစ် ရအောင်ခေါ်မယ်ဆိုတဲ့ သဘောက ပေါ်လွင်လွန်းတယ်။ ထင်ရှားလွန်းတယ်။

အထူးသဖြင့် မန်ယူမန်နေဂျာ ဖြစ်လာပြီးကတည်းက မိုယက်စ် တစိုက်မတ်မတ် အားစိုက်လာတာက ကွင်းလယ်ကစားသမားကောင်း တစ်ယောက် မဖြစ်မနေ ခေါ်ယူရေး။ ဖယ်လာနီ၊ အယ်ကန်တာရာ၊ ဖာဘရီဂတ်စ်၊ ကာဗာနီ၊ အသံထွက်သမျှ မန်ယူရဲ့ အပြောင်းအရွှေ့တိုင်းဟာ ကွင်းလယ်ကစားသမားတွေချည်းပဲ။ ဒီတော့ စဉ်းစားစရာဖြစ်လာတာက မိုယက်စ်ရဲ့ ဒီလုပ်ရပ်ဟာ မန်ယူရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီမှု ရှိ မရှိ။ အနာနဲ့ ဆေး တည့်မတည့် ဆိုတဲ့ပုစ္ဆာ။

တကယ်တော့ မန်ယူမှာ ကွင်းလယ်ကစားသမားတွေက များတယ်။ ဗလန်စီယာ၊ အန်ဒါဆန်၊ ဂစ်၊ ကာရစ်၊ နာနီ၊ အက်ရှ်လေယန်း၊ ကလီဗာလေ၊ ဖလက်ချာ၊ ပိုဝဲလ်၊ ကာဂါဝါ၊ ဇာဟာ စုစုပေါင်း ၁၁ဦးအထိ ရှိတယ်။

ဒီ ၁၁ ဦးထဲမှာ ဗလန်စီယာ၊ နာနီ၊ အက်ရှ်လေယန်း၊ ကာဂါဝါ လေးဦးက တောင်ပံ ကစားသမား စစ်စစ်တွေ။ ဒီတော့ ဒီလေးဦးကို ဖယ်လိုက်ရင် ဂစ်၊ အန်ဒါဆန်၊ ကလီဗာလေ၊ ဖလက်ချာ၊ ပိုဝဲလ်၊ ကာဂါဝါ၊ ကာရစ်တို့ ခုနစ်ဦးပဲ ကျန်မယ်။ ပြောချင်တဲ့သဘောက ကွင်းလယ်ဗဟိုနေရာအတွက် ကစားသမား ခုနစ်ဦးတောင် ရှိနေတဲ့ကြားက ဗဟိုကွင်းလယ်ကစားသမား ထပ်ဝယ်ဖို့လုပ်တဲ့ မိုယက်စ်ရဲ့ လုပ်ရပ်။ ဒါက အားလုံးကို ဝိရောဓိ ဖြစ်စေတယ်။ တွေးစရာ၊ စဉ်းစားစရာ ဖြစ်စေတယ်။

ဒါပေမယ့် လက်တွေ့ကျကျ လေ့လာကြည့်ရင်တော့ အဖြေက ရှင်းရှင်းလင်းလင်းကို မြင်လာတယ်။ အထူးသဖြင့် မန်ယူရဲ့ ကွင်းလယ်ဗဟိုနေရာအတွက် ကစားသမား ခုနစ်ဦးရှိတာမှန်တယ်။ ဒါပေမယ့် ဒါက အရေအတွက်။ အရည်အချင်းမဟုတ်ဘူး။ တခြားမကြည့်နဲ့၊ မနှစ်က ဘောလုံးရာသီမှာ ဖြစ်တည်ခဲ့တဲ့ မန်ယူအသင်းသားတွေရဲ့ စွမ်းဆောင်ရည်ကို ပြန်ကြည့်ရုံနဲ့ ဒီအချက်ကို ထင်ထင်ရှားရှား တွေ့ရနိုင်တယ်။ ပြောရရင် မနှစ်က ဘောလုံးရာသီမှာ မန်ယူဟာ ပြိုင်ပွဲအရပ်ရပ်စုစုပေါင်း သွင်းဂိုး ၁၁၄ ဂိုးသွင်းတယ်။ ဒီ ၁၁၄ ဂိုးရဖို့ ဖန်တီးပေးနိုင်ခဲ့တဲ့အထဲမှာ တိုက်စစ်မှူး နှစ်ဦးဖြစ်တဲ့ ရွန်းနေနဲ့ ဗန်ပါစီက ထိပ်ဆုံးမှာရှိတယ်။ ရွန်းနေက ပြိုင်ပွဲအရပ်ရပ်ဂိုးရဖို့ ၁၃ကြိမ် ဖန်တီးပေးသလို ဗန်ပါစီကလည်း ရှစ်ကြိမ် ဖန်တီးပေးတယ်။ ဒါဟာ မန်ယူရဲ့ တိုက်စစ်မှူးတွေဟာ ဂိုးရဖို့ တာဝန်သာမက ဂိုးရအောင်ပါဆင်းပြီး ဖန်တီးပေးခဲ့ကြရတယ်ဆိုတဲ့သဘော။ ထပ်ပြီး အကျယ်ချဲ့ရရင် ဗန်ပါစီက ပြိုင်ပွဲအရပ်ရပ် ဂိုး ၃၀ သွင်းပြီးရှစ်ကြိမ် ဖန်တီးတယ်။ ရွန်းနေက ၁၆ ဂိုးသွင်းပြီး ၁၃ ကြိမ် ဖန်တီးတယ်။ ဟာနန်ဒက်ဇ်က ၁၈ဂိုးသွင်းပြီး လေးကြိမ်ဖန်တီးတယ်။ ဝဲလ်ဘက်က ၂ ဂိုးသွင်းပြီး လေးကြိမ် ဖန်တီးတယ်။ အကြမ်းအားဖြင့် တိုက်စစ်မှူး လေးဦးကြောင့် မန်ယူ ၉၅ ဂိုးရတဲ့ သဘော။

ပြောချင်တာက မန်ယူဟာ မနှစ်က တိုက်စစ်မှူးတွေ ဒီလို စွမ်းခဲ့လို့သာ ဒီလောက်အထိ ဂိုးရခဲ့တဲ့သဘော။ အထူးသဖြင့် မနှစ်က ဘောလုံးရာသီမှာ မန်ယူကွင်းလယ်ကစားသမားတွေရဲ့ ဖန်တီးပေးနိုင်မှုနှုန်းကို ကြည့်တဲ့အခါ စုစုပေါင်းမှ ၂၉ ကြိမ်ပဲရှိတယ်။ ပြောရရင် ဖာဘရီဂတ်စ်က မနှစ်က ဘောလုံးရာသီမှာ ဘာစီလိုနာအတွက် ၁၃ ဂိုးသွင်းပေးတယ်။ အင်နီယေစတာ၊ ဇာဗီ၊ ဘတ်စကွက်တို့နောက်မှ ပွဲထွက်ခွင့်ရတဲ့ကြားက ဒီလိုစွမ်းဆောင်နိုင်သလို ဂိုးရအောင် ဖန်တီးပေးမှုနှုန်းကလည်း ၁၂ ကြိမ် တိတိရှိတယ်။ ပြောချင်တဲ့ သဘောက ဖာဘရီဂတ်စ်ဟာ မန်ယူကာလရှည်လိုအပ်နေသူမျိုး။ အထူးသဖြင့် ပေါလ်စခိုး နောက်ပိုင်း ကွင်းလယ်ကနေ ဂိုးရအောင် ဖန်တီးပေးနိုင်တဲ့အပြင် ဂိုးပါသွင်းယူနိုင်သူ မရှိခဲ့တဲ့မန်ယူဟာ တောင်ပံတိုက်စစ်တွေကိုသာ အားပြုခဲ့ရတဲ့ လိုအပ်ချက်ကို ကွင်းလယ်ကစားသမားဖြစ်တဲ့ ဖာဘရီဂတ်စ်ဆီက တစ်ရာသီကို အနိမ့်ဆုံး ၁၀ ဂိုးလောက် မျှော်လင့်လို့ရတယ်။ ဘာစီလိုနာမှာရှိတဲ့ နှစ်ရာသီအနက် ပထမရာသီမှာ ၁၅ ဂိုး၊ ဒုတိယရာသီမှာ ၁၃ ဂိုး။ ပြီးတော့ အဲဒီနှစ်ရာသီမှာ ဂိုးရအောင် ၃၂ ကြိမ် ဖန်တီးခဲ့သလို အာဆင်နယ်မှာတုန်းကလည်း ဂိုးရရှိဖို့ အကြိမ် ၁၀၀ တိတိ ဖန်တီးပေးခဲ့တယ်။

ဒါကြောင့်ပဲ မိုယက်စ်က ဖာဘရီဂတ်စ်ကို တစ်ပတ်လုပ်ခပေါင် နှစ်သိန်းအထိ ပေးဖို့တောင် လက်မတွန့်တာ ဖြစ်သလို သူ့ရဲ့ လုပ်ရပ်က မန်ယူရဲ့လိုအပ်ချက်နဲ့လည်းကိုက်ညီမှုရှိတယ်လို့ ပြောရမယ်။ အထူးသဖြင့် ဖာဘရီဂတ်စ်ဟာ ဗန်ပါစီကို ကောင်းကောင်းအထောက်အပံ့ပေးနိုင်တယ်။ ဗန်ပါစီနဲ့ ဖာဘရီဂတ်စ်ဟာ နှစ်ရှည်လများအတူ လက်တွဲခဲ့တဲ့သူတွေ။ တစ်ယောက်အကြောင်း တစ်ယောက်သိတယ်။ တစ်ဦးအထာ တစ်ဦးသိတယ်။ ဒါ့ပြင် ဖာဘရီဂတ်စ်ဟာ ပရီမီယာလိဂ်ကစားသမားဟောင်း။ ပရီမီယာလိဂ်မှာ အသားမကျစရာ မရှိတဲ့သူ။ ပြီးတော့ ဖာဘရီဂတ်စ်ကြောင့် မန်ယူတိုက်စစ်မှူးတွေ အခွင့်အရေးပိုရမယ်။ ဖာဘရီဂတ်စ်က ကွင်းလယ်က ဖန်တီးပေးမယ့်အပြင် တောင်ပံတွေကပါ ဖန်တီးပေးလာနိုင်သလို မန်ယူတိုက်စစ်မှူး ရွန်းနေ၊ ဗန်ပါစီတို့ကပါ အဆုံးသတ်သချာတော့ မန်ယူတိုက်စစ်က ပိုကောင်း လာဖို့ရှိမယ်။



တကယ်တော့ မိုယက်စ်ကလည်း အဲဗာတန်မှာကတည်းက ကွင်းလယ်အားကို အဓိကထားခဲ့သူ။ အခု မန်ယူရောက်တော့ မန်ယူရဲ့ကွင်းလယ်ဟာ သူ့အတွက် အားရစရာမရှိဘူး။ ဒါကြောင့်ပဲ ကွင်းလယ်ကို အားဖြည့်နိုင်ရေးသာ တစိုက်မတ်မတ် အားထုတ်လာခဲ့တာ ဖြစ်တယ်။ ဒီတော့ မိုယက်စ်ရဲ့ လုပ်ရပ်ဟာ ဝိရောဓိဖြစ်စရာ ရှိသေးရဲ့လား။ အနာနဲ့ဆေး မလွဲတဲ့ အားထုတ်မှုလို့ဆိုရင်ရော လွန်တယ်ဆိုမလား။ တစ်ခုပဲ၊ မိုယက်စ်ရဲ့ အားထုတ်မှု အကောင်အထည်ပေါ်ဖို့တော့ လိုတယ်။ ဒါကိုတော့ စောင့်ကြည့်ရုံမှတစ်ပါး အခြားမရှိနိုင်ဘူး။

### ဖာဘရီဂတ်စ်၏ ဖန်တီးပေးနိုင်မှုစွမ်းရည်

၂၀၀၃-၂၀၀၄ -၀၊ ၂၀၀၄-၂၀၀၅-၅ ၊ ၂၀၀၅-၂၀၀၆-၇
၂၀၀၆-၂၀၀၇-၁၆၊ ၂၀၀၇-၂၀၀၈-၂၃၊ ၂၀၀၈-၂၀၀၉-၁၆
၂၀၀၉-၂၀၁၀-၁၉၊ ၂၀၁၀-၂၀၁၁-၁၄
၂၀၁၁-၂၀၁၂-၂၀၊ ၂၀၁၂-၂၀၁၃-၁၂




သစ်မင်းဘိုင်

## ယူရိုသန်း၅၀ လူငယ်နှစ်ဦးနဲ့ ပီအက်စ်ဂျီရဲ့လုပ်ရပ်

ပီအက်စ်ဂျီကတော့ အပြောင်းအရွှေ့ဈေးကွက်မှာ လက်သွက်တယ်။ ပထမကာဗာနီကို ယူရို ၆၃ ဒသမ ၃သန်းနဲ့ခေါ်တယ်။ ပြီးတာနဲ့ နောက်သုံးရက်အတွင်း လူငယ်ခံစစ်မှူး နှစ်ဦးဖြစ်တဲ့ လုကပ်စ်ဒိုင်ဂျီနဲ့ မာကွင်ဟိုစ်ကို ယူရိုသန်း ၅၀ သုံးပြီး ထပ်ခေါ်တယ်။ စုစုပေါင်း သုံးဦးအတွက် ယူရို ငွေ သန်း ၁၀၀ ကျော်။ ဒီတော့သုံးတဲ့ငွေနဲ့ အားဖြည့်မှု လိုက်ဖက်မှု ရှိ မရှိဆိုတာ မေးစရာကြီးဖြစ်လာပြီ။ အထူးသဖြင့် ကာဗာနီလို တိုက်စစ်မှူးကို ယူရို ၆၃ ဒသမ ၃ သန်း ပေးတာ ဒွိဟမဖြစ်ကြပေမယ့် အသက် ၁၉ နှစ်သာရှိသေးတဲ့ လုကပ်စ်ဒိုင်ဂျီနဲ့ မာကွင်ဟိုစ်ကို နှစ်ယောက်ပေါင်း ယူရိုငွေ သန်း ၅၀ ပေးတာကျတော့ ဝိရောဓိဖြစ်ကုန်ကြတယ်။ ငွေနဲ့လူ။ တန်ကြေးနဲ့စွမ်းရည် လိုက်ရဲ့လားဆိုတာ ဖြစ်ကုန်ကြတယ်။

ပြောရရင် ဒီနှစ်ယောက်တည်းမှာတောင် လုကပ်စ်ဒိုင်ဂျီကို လေလီကနေခေါ်ရာမှာ ယူရို ၁၅ သန်းသာကုန်ပြီး မာကွင်ဟိုစ်ကိုရိုမာကနေခေါ်တာကျတော့ ယူရို ၃၅ သန်းတောင် ပေးခေါ်ခဲ့တာဆိုတော့ ဒီနှစ်ယောက်ထဲမှာတောင် မာကွင်ဟိုစ်ရဲ့ ပြောင်းရွှေ့ကြေးအပေါ် ပိုပြီးဝိရောဓိဖြစ်ကုန်ကြတယ်။ အထူးသဖြင့် မာကွင်ဟိုစ်က ၁၉ နှစ်။ ဥရောပဘောလုံးလောကကို ရောက်တာက ပြီးခဲ့တဲ့ဘောလုံးရာသီကမှ။ ဒီတော့ မာကွင်ဟိုစ်အတွက် ကုန်တဲ့ငွေက ထိုက်တန်မှုရှိရဲ့လားဆိုတာ အားလုံးကသိချင်လာကြတယ်။ မြင်တွေ့ချင်လာကြတယ်။

ဒါပေမယ့် တကယ်တမ်းတွက်ရင် ပီအက်စ်ဂျီရဲ့ လုပ်ရပ်ဟာ ယထာဘူတကျတဲ့လုပ်ရပ်လို့တော့ မြင်စရာရှိတယ်။ ပြောရရင် မာကွင်ဟိုစ်ဆိုတာက အသက် ၁၉ နှစ်သာရှိသေးတာမှန်တယ်။ ဒီအသက်အရွယ်ဟာ သင်ယူဆဲကာလဆိုတာလည်း မှန်တယ်။ ဒါပေမယ့် မာကွင်ဟိုစ်ဟာ မနှစ်က ဘောလုံးရာသီမှာ ရိုမာနဲ့ ၂၆ ပွဲတိတိ ပွဲထွက်ခွင့်ရခဲ့ပြီးပြီ။ အသက် ၁၉ နှစ်ဆိုပေမယ့် ပထမအသင်းကြီးမှာ တိုးဝင်နိုင်စွမ်းရှိတဲ့သဘော။ ပြီးတော့ အရပ်က ၆ ပေမြင့်တယ်။ အမြင့်ဘောရှင်းထုတ်နိုင်မှုအားကောင်းတယ်။ ဘရာဇီးကစားသမား ပီပီဘောလုံး အခြေခံလည်းရှိတဲ့ လူငယ်တစ်ဦး။

ပြောရရင် မနှစ်က ဘောလုံးရာသီမှာ ရိုမာဟာ စီးရီးအေပြိုင်ပွဲအတွင်း စုစုပေါင်း ၅၆ ဂိုးပေးခဲ့ရတာမှန်တယ်။ ဒီပေးဂိုးအရေအတွက်ဟာ စီးရီးအေ ထိပ်ပိုင်း ရှစ်သင်းအနက် အများဆုံးပေးဂိုး အရေအတွက်။ ပြီးတော့ မနှစ်က စီးရီးအေမှာ စတုတ္ထမြောက်ပေးဂိုးအများဆုံးစံချိန်။ ဒါပေမယ့် ဒါကိုကြည့်ပြီး မာကွင်ဟိုစ်ရဲ့ ခြေရည်ခြေသွေးကို သံသယဖြစ်လို့မရဘူး။ အထူးသဖြင့် မာကွင်ဟိုစ်ဟာ မနှစ်က စီးရီးအေပြိုင်ပွဲမှာ ရိုမာအတွက် ၂၂ ပွဲထွက်ခွင့်ရတယ်။ ပြီးတော့ မနှစ်က စီးရီးအေပြိုင်ပွဲမှာ ရိုမာဟာ ဂိုးမပေးရတဲ့ပွဲ ၁၁ ပွဲသာရှိတယ်။ ဒီ ၁၁ ပွဲမှာ ၇ ပွဲက မာကွင်ဟိုစ်ပါတဲ့ပွဲတွေ။ ဒီတော့ မာကွင်ဟိုစ်ဟာ မနှစ်က ရိုမာခံစစ်ကြောင်းကို ဘယ်လောက်အထိ အထောက်အပံ့ပြုခဲ့သလဲဆိုတာ ထင်ရှားသလို လက်ရှိအရည်အသွေးလည်းရှိ၊ တိုးတက်ဖို့လည်းရှိတဲ့ လူငယ်ကို ယူရိုငွေ ၃၅ သန်းပေးတာက ထင်သလောက် ဝိရောဓိဖြစ်စရာမရှိနိုင်ဘူး။

အထူးသဖြင့် ပီအက်စ်ဂျီရဲ့ခံစစ်ကြောင်းကလည်း အားမဖြည့်လို့မရတဲ့ အခြေအနေဆိုတာလည်း သိဖို့လိုတယ်။ ပြောရရင် မာကွင်ဟိုစ်မရောက်ခင်မှာ ပီအက်စ်ဂျီရဲ့ ဗဟိုခံစစ်ကစားသမားစုဖွဲ့မှုက ခြောက်ဦးရှိတယ်။ သာမန်အရကြည့်ရင် လုံလောက်တဲ့သဘော။ ဒါပေမယ့် ဒီခြောက်ယောက်ကို ခွဲဖြာကြည့်ရင် လုဂါဒိုက ၃၂ နှစ်၊ ကာမာရာက ၃၄ နှစ်၊ အဲလက်စ်က ၃၁ နှစ်၊ ဆေးဗားက ၂၈ နှစ်၊ ဆာဒိုက ၂၃ နှစ်၊ ကွန်တီက ၁၉ နှစ်။ ဒီတော့ ဒီခြောက်ဦးထဲမှာ အသက် အရရော ခြေစွမ်းအရပါ အကောင်းဆုံးအခြေအနေရှိတာဆိုလို့ ဆေးဗားနဲ့ ဆာဒိုတို့နှစ်ဦးသာ ရှိတာထင်ရှားတယ်။ လုဂါဒို၊ အဲလက်စ်၊ ကာမာရာတို့က အသက်အရ အကျဘက် လုံးဝရောက်နေသလို ခြေစွမ်းအရလည်း ထိပ်ဆုံးအဆင့်မှာ မရှိကြတော့ဘူး။ ကွန်တီကျတော့ အသက်အရ မာကွင်ဟိုစ်နဲ့အတူတူဆိုပေမယ့် မာကွင်ဟိုစ်လို အတွေ့အကြုံမရှိဘူး။ ၂၀၁၃ ခုနှစ်မှ ပီအက်စ်ဂျီလူငယ်အသင်းကနေအသင်းကြီးဆီရောက်လာတဲ့သူ။ ပီအက်စ်ဂျီနဲ့ ၇၆ မိနစ်သာ ပွဲကစားခွင့်ရ သေးတော့ အတွေ့အကြုံအရ သိပ်နုတယ်။ ဒီတော့ပီအက်စ်ဂျီခံစစ်က ဆာဒိုနဲ့ဆေးဗား ဒဏ်ရာရသည်ဖြစ်စေ၊ ပွဲပယ်ခံရသည်ဖြစ်စေ၊ အနားပေးလိုသည်ဖြစ်စေ အဆင့်မီအစားဝင်နိုင်သူမရှိတဲ့ အခြေအနေ။

ပြောချင်တဲ့သဘောက မာကွင်ဟိုစ်ကို ခေါ်ယူမှုဟာ အသင်းရဲ့လိုအပ်ချက်နဲ့လည်း ကိုက်ညီမှုရှိတယ်။ အထူးသဖြင့် မာကွင်ဟိုစ်က ဆေးဗားနဲ့ ဆာဒိုတို့ တစ်စုံတစ်ရာချွတ်ချော်ချိန်မှာ အဲလက်စ်၊ ကာမာရာ၊ လူဂါဒို၊ ကွန်တီတို့ထက်ပိုပြီး အသင်းခံစစ်ကို တည်ငြိမ်အောင် ဝင်ထိန်းနိုင်တဲ့သူ။ ပြီးတော့ ပီအက်စ်ဂျီရဲ့ ဘယ်တောင်ပံခံစစ်ကလည်း အားနည်းတယ်။ ညာတောင်ပံခံစစ်မှာ ဗန်ဒါဝီလ်၊ ဂျဲလက်တို့ရှိပေမယ့် ဘယ်တောင်ပံခံစစ်မှာတော့ မက်စ်ဝဲလ်တစ်ယောက်ကိုပဲ အဓိကအားပြုနေရတယ်။ ဒါ့အပြင် အားထားနေရတဲ့ မက်စ်ဝဲလ်ကလည်း ၃၁ နှစ်ကျော်ပြီ။ ဒီတော့ သူ့နေရာကို အစားထိုးဖို့နဲ့သူကို အထောက်အကူပြုဖို့ တစ်ဦးလောက်လိုတယ်။ ဒါကြောင့်ပဲ ပီအက်စ်ဂျီဟာ အသက် ၁၉ နှစ်သာ ရှိသေးပေမယ့် လေလီနဲ့ ဘောလုံးရာသီနှစ်ရာသီနီးပါး ပွဲထွက်ခွင့်ရခဲ့တဲ့ ဘယ်တောင်ပံခံစစ်မှူးလေး ဒိုင်ဂျီကို ယူရို ၁၅ သန်းနဲ့ ခေါ်ခဲ့တာဖြစ်တယ်။ အတွေ့အကြုံရော အရည်သွေးအပြင် ပြင်သစ်ပထမတန်းနဲ့လည်း အကျွမ်းတဝင်ရှိတဲ့ ဒိုင်ဂျီကလည်း ပီအက်စ်ဂျီခံစစ်ကို အကောင်းဆုံးဝင်ထိန်းနိုင်မယ့် အခြေအနေရှိသူ။

ဒီတော့ ငွေနဲ့အသက်ကိုချည်း ကြည့်ရင် ပီအက်စ်ဂျီရဲ့ လုပ်ရပ်က ဝိရောဓိဖြစ်စရာရှိပေမယ့် လက်တွေ့အရတော့ သင့်တော်မှန်ကန်တဲ့ လုပ်ရပ်လို့ပဲ ပြောချင်တယ်။

# ဘိုင်ယန်မြူးနစ်အသင်းရဲ့စိတ်ဝင်စားစရာ ပုစ္ဆာတစ်ပုဒ် သို့မဟုတ် အယ်ကန်တာရာ

လက်ရှိနွေရာသီဈေးကွက်ဟာ အသင်းငယ်တွေသာမက အသင်းကြီးတွေပါ လာမယ့်ရာသီအတွက် အသင်းရဲ့ အင်အားကိုထပ်မံဖြည့်ဆည်းနိုင်ဖို့ ကစားသမားတွေ အပြိုင်အဆိုင်ခေါ်ယူနေကြတဲ့အချိန်လည်း ဖြစ်ပါတယ်။ အဲဒီလို ခေါ်ယူမှုတွေထဲမှာတော့ ပြီးခဲ့တဲ့ရာသီက ဖလားသုံးလုံးရယူခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာလည်း နောက်ကျကျန်မနေခဲ့ပါဘူး။ ဒါကြောင့် ဘိုင်ယန်ဟာ လာမယ့်ရာသီမှာလည်း ဆုဖလားတွေထပ်မံရရှိဖို့အတွက် အသင်းရဲ့ကွင်းလယ်ပိုင်းကို အားဖြည့်တဲ့အနေနဲ့ ကမ္ဘာ့အကောင်းဆုံး လူငယ်ကွင်းလယ်ကစားသမားတစ်ဦးလို့ပြောလို့ရတဲ့ ဘာစီလိုနာ ဗဟိုကွင်းလယ်ကစားသမား အယ်ကန်တာရာကို ယူရို၂၅သန်းနဲ့ ခေါ်ယူလိုက်ပါတယ်။ အခုခေါ်ယူမှုဟာ ဘိုင်ယန်မြူးနစ်နည်းပြသစ် ဂွာဒီယိုလာအတွက်တော့ နယ်မြေသစ်မှာစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့အတွက် တပည့်ဟောင်းရဲ့အားကိုယူလိုက်တယ်လို့တောင် ပြောနိုင်ပါတယ်။

**ပြင်ဆင်မှု**

ဂွာဒီယိုလာဟာ ၂၀၁၂ခုနှစ်မှာ ဘာစီလိုနာအသင်းနဲ့ လမ်းခွဲပြီး တစ်ရာသီလုံးအနားယူကာ ဘောလုံးလောကကို စောင့်ကြည့်လေ့လာနေခဲ့ပါတယ်။ ဒါပေမယ့်သူဟာ ပြီးခဲ့တဲ့ ဇန်နဝါရီမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ အကြိုသဘောတူညီမှု ပြုလုပ်ပြီး ပြီးခဲ့တဲ့ဇွန် ၂၆ရက်က စတင်ပြီး ဘိုင်ယန်မြူးနစ်အသင်းကို တရားဝင်ကိုင်တွယ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဂွာဒီယိုလာဟာ ဘာစီလိုနာအသင်းနဲ့အတူ စပိန်မြေမှာ အောင်မြင်မှုတွေ အများအပြားရယူနိုင်ခဲ့ပေမယ့် ဘွန်ဒက်စ်လီဂါဟာ သူ့အတွက်တော့ ဒေသသစ်၊ နေရာသစ်အပြင် ပြိုင်ဘက်သစ်တွေနဲ့ပါ ရင်ဆိုင်ကြုံတွေ့ရမှာလည်းဖြစ်ပါတယ်။ ဒါ့အပြင်ဂွာဒီယိုလာကိုယ်တိုင်ကလည်း သူ့အနေနဲ့ ဘွန်ဒက်စ်လီဂါမှာအသားကျဖို့အတွက် အချိန်အနည်းငယ် လိုအပ်နေသေးကြောင်းနဲ့ သူ့အတွက်တော့ ဘွန်ဒက်စ်လီဂါဟာ စိမ်းလွန်းနေသေးကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီက ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဆုဖလားသုံးလုံးဆိုတဲ့သမိုင်းဝင်အောင်မြင်မှုဟာ သူ့အတွက်ကြီးမားတဲ့ ဖိအားတစ်ခုဖြစ်စေသလို ကြီးမားတဲ့စိန်ခေါ်မှုကြီးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် အသင်းသစ်ကို လာမယ့်ရာသီမှာ အကောင်းမွန်ဆုံးကိုင်တွယ်ကာ အောင်မြင်မှုတွေရယူနိုင်ဖို့အတွက်တော့ သူ့အတွက် ကိုင်တွယ်ရလွယ်ကူမှုရှိပြီး သူ့သဘော သူ့သဘာဝကို ကောင်းကောင်းနားလည်မယ့်ကစားသမားတွေကိုခေါ်ယူချင်ဖို့ ဆန္ဒရှိနေခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ဂွာဒီယိုလာဟာ အသင်းဟောင်းဘာစီလိုနာရဲ့လူငယ်ကစားသမား အယ်ကန်တာရာကို အရခေါ်ယူလိုက်ခြင်းလည်း ဖြစ်ပါတယ်။ အသင်းရဲ့အကြီးအကဲ ရန်မီနီဂီ ကိုယ်တိုင်ကလည်း အယ်ကန်တာရာကို ခေါ်ယူရခြင်းဟာ ဂွာဒီယိုလာရဲ့ ပြင်းပြတဲ့ ဆန္ဒကြောင့်ပါလို့ ပြောဆိုခဲ့ပါတယ်။



**ဂွာဒီယိုလာရဲ့ ယုံကြည်မှု**

အယ်ကန်တာရာဟာ ဘာစီလိုနာလူငယ်အကယ်ဒမီ ကျောင်းထွက် ကစားသမားတစ်ဦးမဟုတ်ပေမယ့် ကမ္ဘာကျော်ဘောလုံးသမားပေါင်း မြောက်မြားစွာ ထွက်ပေါ်ခဲ့တဲ့ ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းရဲ့ လူငယ်အကယ်ဒမီကျောင်းထွက် ကစားသမားတစ်ဦးပါ။ ဒါ့အပြင် သူ့ရဲ့ဖခင်ဖြစ်သူဟာ ၁၉၉၄ ကမ္ဘာ့ဖလားကို ရယူနိုင်ခဲ့တဲ့ ဘရာဇီး ကွင်းလယ်ကစားသမားဟောင်း မာဇင်ဟိုလည်းဖြစ်တာကြောင့် ဖခင်ရဲ့အမွေကို အပြည့်အဝရယူနိုင်တဲ့ သူလို့တောင် ပြောရမှာပါ။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းရဲ့ ကင်းထောက်တွေဟာ ဖလာမင်ဂိုအသင်းမှာ သူ့ရဲ့ကစားပုံကို သတိပြုမိပြီး ၂၀၀၈ ခုနှစ်ကစတင်ပြီး ဘာစီလိုနာ(ဘီ) အသင်းကို စတင်ခေါ်ယူခဲ့ပါတယ်။ အဲဒီကာလကတည်းက ဂွာဒီယိုလာဟာ အယ်ကန်တာရာရဲ့လျင်မြန်မှု၊ ဖျတ်လတ်မှုအပြင် ဘောလုံးပညာကျွမ်းကျင်မှုတို့ကို ကောင်းကောင်းသတိပြုမိခဲ့ပါတယ်။ ဒါကြောင့်သူဟာ ၂၀၀၉ ခုနှစ်ကစတင်ပြီး ဘာစီလိုနာအသင်းကြီးမှာစတင်ပွဲထွက် ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပုံမှန်ကစားခွင့်မရရှိခဲ့ပါဘူး။ ဒါပေမယ့်၂၀၁၀ နောက်ပိုင်းမှာတော့ ဘာစီလိုနာအသင်းမှာ သူဟာအတန်အသင့် ပွဲထွက်ခွင့်တွေရရှိခဲ့ပါတယ်။ ဂွာဒီယိုလာအနေနဲ့ ဘာစီလိုနာကို နောက်ဆုံးကိုင်တွယ်ခဲ့တဲ့ ၂၀၁၁-၁၂ ရာသီဟာ သူ့အတွက်တော့ပွဲ ၄၅ပွဲ ကစားခွင့်ရရှိခဲ့ပြီး ကစားသမားဘဝတစ်လျှောက် အသင်းကြီးမှာ ပွဲအများဆုံးပါဝင်ကစားခွင့်ရှိခဲ့တဲ့ ရာသီလည်းဖြစ်ပါတယ်။ ဒါပေမယ့်အသင်းရဲ့ ဝါရင့်ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ အင်နီယေစတာ၊ဘတ်စကွက်နဲ့ ဇာဗီတို့ကိုတော့ကျော်လွန်ကာ ပွဲထွက်ကစားနိုင်ခြင်းမရှိသောကြောင့် အသင်းမှာထင်သလောက် ခြေစွမ်းပြသနိုင်ခွင့်မရရှိခဲ့ပါဘူး။ ဒါပေမယ့် အယ်ကန်တာရာဟာ အစ္စရေးမှာ ကျင်းပခဲ့တဲ့ယူ-၂၁ ဥရောပချန်ပီယံရှစ်မှာတော့ အစွမ်းကုန် ခြေစွမ်းပြနိုင်ခဲ့ရုံသာမကပါဘူး။ နောက်ဆုံးဗိုလ်လုပွဲဖြစ်တဲ့ အီတလီနဲ့ပွဲမှာလည်း စပိန်အသင်းအတွက် ဟတ်ထရစ်သွင်းဂိုးယူပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ခြေစွမ်းကို ဥရောပအသင်းတော်တော်များများက သတိပြုမိခဲ့ပြီးခေါ်ယူဖို့အတွက် စောင့်ကြည့်မှုတွေပြုလုပ်ခဲ့ပါတယ်။ အဲဒီအသင်းတွေထဲမှာတော့ ပရီမီယာလိဂ်ချန်ပီယံမန်ယူအသင်းကတော့ ထိပ်ဆုံးမှာရှိနေခဲ့ပါတယ်။ ဒါပေမယ့် အယ်ကန်တာရာဟာ သူ့ရဲ့ဆရာဟောင်းရှိတဲ့ ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့ကစားဖို့ပဲ ရွေးချယ်ခဲ့ပါတယ်။

**စောင့်ကြည့်ရမယ့် အချိန်**

အယ်ကန်တာရာအတွက်လည်း စပိန်ရဲ့ထိပ်တန်းအသင်းကို ခြေကန်ရုံသာမက လက်ရှိဘောလုံးလောကမှာ အောင်မြင်မှုအရ အကောင်းဆုံးမဟုတ်ပေမယ့် ကျော်ကြားမှုအရတော့ အကောင်းဆုံးဖြစ်နေတဲ့ပရီမီယာလိဂ်ရဲ့ ထိပ်တန်းအသင်းဖြစ်တဲ့ မန်ယူအသင်းရဲ့ ခေါ်ယူကမ်းလှမ်းမှုကိုပါ မျက်စိပိတ်၊ နားပိတ်ပြီးငြင်းဆန်ကာ သူ့ရဲ့ဆရာဟောင်းရှိရာ ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းရွှေ့ကစားခြင်းဟာ ကြီးမားတဲ့ စွန့်စားမှုတစ်ခုလည်း ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ လက်ရှိအနေအထားကို ကြည့်မယ်ဆိုရင်လည်း အသင်းအနေနဲ့ နည်းပြဟေးနက်စ် အနားယူသွားတာကလွဲလို့ ကစားသမားအနေနဲ့ ကြီးမားတဲ့ပြောင်းလဲမှုတွေ ပြုလုပ်ထားတာကိုတော့ မတွေ့ရပါဘူး။ ဒါ့ကြောင့် ပုံမှန်အခြေကျနေတဲ့ အသင်းတစ်သင်းမှာ ကစားသမားအသစ်တစ်ဦးအနေနဲ့ ပုံမှန်ကစားခွင့် ရရှိနိုင်မလား။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ကွင်းလယ်ပိုင်းကို ကြည့်မယ်ဆိုရင် ရှဝေါင်စတိန်ဂျာ၊ ဂူစတာဗိုနဲ့ ဂျာဗီး မာတိုနက်ဇ်တို့လို ဝါရင့်ကွင်းလယ်ကစားသမားတွေ ရှိနေခဲ့ပါတယ်။ သူတို့ဟာပြီးခဲ့တဲ့ရာသီက ဘိုင်ယန်မြူးနစ် ဖလားသုံးလုံးရရှိဖို့အတွက် ကြိုးစားရာမှာ အဓိက ဇာတ်ကောင်တွေလည်းဖြစ်ပါတယ်။ ဒါကြောင့်သူတို့ကိုကျော်ပြီး အယ်ကန်တာရာအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းမှာ ပုံမှန်ကစားခွင့် ရနိုင်မလားဆိုတာကတော့ စိတ်ဝင်စားစရာ ပုစ္ဆာတစ်ပုဒ်လို ဖြစ်နေပါတယ်။

အောင်က



# ဂျာမန်စူပါဖလားအပေါ် တည်မှီနေတဲ့ ဂွာဒီယိုလာရဲ့ရှေ့ခရီး

လာမယ့်ဇူလိုင် ၂၈ ရက်မှာ ဂျာမန်စူပါဖလားပြိုင်ပွဲကို ကျင်းပပြုလုပ်မယ်။ ယှဉ်ပြိုင်ကြမှာက ဂျာမနီရဲ့ အင်အားအကြီးဆုံးနှစ်သင်း ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်။ ယှဉ်ပြိုင်မှာက ဒေါ့မွန်ရဲ့အိမ်ကွင်းဖြစ်တဲ့ ဝက်စ်ဖာလန်။ ပွဲကြီးတစ်ပွဲဆိုလည်းဟုတ်၊ ပွဲကောင်းတစ်ပွဲဆိုရင်လည်း မမှားနိုင်တဲ့ပွဲ။ အထူးသဖြင့် ဒီနှစ်သင်းဟာ ဂျာမနီဘောလုံးလောကမှာ ထိပ်ဆုံးနှစ်သင်း။ ဂျာမနီမှာဒီနှစ်သင်းဟာ အရာရာ အားပြိုင်နေရတဲ့ခေတ်။ ဒီတော့ ဒီပွဲအနိုင်အရှုံးဟာ ရာသီသစ်မှာ ထိပ်တိုက်အားပြိုင်ကြမယ့် ဒီနှစ်သင်းကို စိတ်ဓာတ်ပိုင်းဆိုင်ရာအရလည်း စေစားနိုင်တယ်။ ခပ်ရှင်းရှင်းပြောရရင် ဒီပွဲမှာ အနိုင်ရတဲ့အသင်းဟာ အဓိကပြိုင်ဘက်ကို ရာသီဦးမှာ ဦးချိုးနိုင်မယ်။ ယုံကြည်မှုရှိရှိနဲ့ ရာသီသစ်ကို လှမ်းဝင်နိုင်မယ်။ ရှုံးရင်ရှုံးတဲ့အသင်းအတွက် ယုံကြည်မှုကို ပျက်ပြားစေနိုင်သလို စိတ်ဓာတ်ပိုင်းကိုလည်း ထိခိုက်မယ်။ ဒီတော့ ဒီပွဲက နှစ်သင်းစလုံးအတွက် အရေးကြီးတယ်။

အထူးသဖြင့် ဒီပွဲက ဘိုင်ယန်မြူးနစ်အတွက် သိပ်အရေးကြီးတယ်။ တစ်နည်းအားဖြင့် ဘိုင်ယန်နည်းပြ ဂွာဒီယိုလာအတွက် အမှားမခံတဲ့ပွဲ။ ပြောရရင် ဂွာဒီယိုလာဟာ တော်တဲ့၊ ထက်တဲ့နည်းပြ။ ဘာစီလိုနာလို အသင်းကိုတောင် အကောင်းဆုံး ထိန်းကျောင်းပဲ့ကိုင်နိုင်တဲ့သူ။ ဆိုရရင် နည်းစနစ်ပိုင်းအရရော ချန်ပီယံဖြစ်အောင်ကိုင်တွယ်နိုင်စွမ်းရှိမှုမှာပါ ယုံကြည်မှုနဲ့ ထိုက်တန်တဲ့သူ။ ဒါပေမယ့် ဘိုင်ယန်မှာ ဂွာဒီယိုလာရင်ဆိုင်နေရတဲ့ အခက်အခဲက ဟေးနက်စ်ရဲ့ လောင်းရိပ်။ ပြောရရင် ဟေးနက်စ်က မနှစ်ကဘောလုံးရာသီမှာ ဘိုင်ယန်ကို ဆုဖလားသုံးလုံး တစ်ပြိုင်နက်ယူပေးတယ်။ ဒါဟာဘိုင်ယန်မြူးနစ်ကလပ်သမိုင်း တစ်လျှောက် အမြင့်ဆုံးအောင်ပွဲ။ ၁၉၇၄ နဲ့ ၂၀၀၁ ခုနှစ်တွေမှာ ချန်ပီယံလိဂ်နဲ့ ဘွန်ဒက်စ်လီဂါကို တစ်ပြိုင်နက်ယူဖူးပေမယ့် ဒီလိုအဓိက ဆုဖလားသုံးလုံးစလုံးကို အရင်က တစ်ခါမှ မရဖူးဘူး။

ဒီတော့ ဟေးနက်စ်အကြောင်းက ဘိုင်ယန်အတွက် ပြောမဆုံးနိုင်တဲ့ သမိုင်း။ ပရိသတ်ကအစ အသင်းအသိုင်းအဝိုင်းတစ်ခုလုံး ဟေးနက်စ်မှ ဟေးနက်စ်။ ဘယ်အရာမဆို ဟေးနက်စ်ဆိုတဲ့ ပေတံနဲ့ ကြည့်မယ့်သဘော။ ဂွာဒီယိုလာအတွက် ခြေတစ်ချက်ကလေးမှ အမှားမခံတဲ့ အခြေအနေ။ ပြောရရင် ဂွာဒီယိုလာရဲ့ လုပ်ရပ်တိုင်းဟာ တိုင်းတာမှုပေတံအောက်က မလွတ်နိုင်ဘူး။ ဟေးနက်စ်တုန်းက ဘယ်လို၊ အခုကျတော့တစ်မျိုး။ ဟေးနက်စ်လိုအောင်မြင်ပါ့မလား။ တိုင်းတာမှုအောက်ကနေ စီးဆင်းလာမယ့် သံသယစိတ်များ။ ဒါဟာ ဂွာဒီယိုလာရဲ့ ခြေလှမ်းတိုင်းကို ထိထိမိမိချုပ်နှောင်မှု။ လုပ်ရကိုင်ရ သိပ်ခက်မယ့်သဘော။ ဒီတော့ ဂွာဒီယိုလာအတွက် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်ဖို့ ဟေးနက်စ်ရဲ့ လောင်းရိပ်ကို ဖယ်ဖို့ဆိုရင် အောင်ပွဲယူပြရုံမှတစ်ပါး အခြားမရှိနိုင်ဘူး။

ပြောရရင် ဟေးနက်စ်ဟာ မနှစ်ကရာသီမှာ ဘိုင်ယန်ကို အဓိကဆုဖလားသုံးလုံး ယူပေးခဲ့တဲ့အပြင် ဒီဂျာမန်စူပါဖလားကိုလည်း အရယူပြခဲ့သေးတယ်။ ဒီလို ဆုဖလားလေးလုံး ယူပြရာမှာ မဟာပြိုင်ဘက် ဒေါ့မွန်နဲ့ အကြိမ်ကြိမ်ရင်ဆိုင်ရတယ်။ ချန်ပီယံလိဂ်မှာဆိုရင် နောက်ဆုံးဗိုလ်လုပွဲမှာကို တွေ့တာ။ ဂျာမန်ပိုကယ်ဖလားမှာဆိုရင်လည်း ကွာတားမှာဆုံတယ်။ အရေးပါတဲ့ အဆင့်တွေမှာချည်း ဆုံရတာဖြစ်ပေမယ့် ဟေးနက်စ်က ဒေါ့မွန်ကို ကျော်လွှားနိုင်အောင် ဦးဆောင်ပြနိုင်ခဲ့တယ်။ ပြီးတော့ ဘွန်ဒက်စ်လီဂါမှာလည်း နှစ်ပွဲစလုံး မရှုံးတဲ့အပြင် အခု ဂွာဒီယိုလာရင်ဆိုင်ရမယ့် ပွဲမျိုးဖြစ်တဲ့ ဂျာမန်စူပါဖလားမှာလည်း မနှစ်က ဒေါ့မွန်ကိုပဲ အနိုင်ယူပြီး ဟေးနက်စ်က ဘိုင်ယန်ကို ချန်ပီယံဖြစ်စေခဲ့တာဆိုတာ ဂွာဒီယိုလာအနေနဲ့ ဒီလိုဖြစ်ပါ့မလားဆိုတဲ့ အတွေးနဲ့ သံသယကို ချေဖျက်ဖို့ ဒီလိုဖြစ်နိုင်ပါတယ်လို့ ချပြနိုင်ဖို့လိုတယ်။ ခင်ရှင်းရှင်းပြောရရင် မနှစ်ကရာသီအဖွင့်ဖြစ်တဲ့ ဂျာမန်စူပါဖလားမှာ ဟေးနက်စ်က ဒေါ့မွန်ကို အနိုင်ရအောင် ဘိုင်ယန်ကို ဦးဆောင်ခဲ့သလို ဂွာဒီယိုလာလည်း ဒီနှစ်မှာ ဟေးနက်စ်လို ဒေါ့မွန်ကိုနိုင်ပြီး ဘိုင်ယန်ချန်ပီယံဖြစ်အောင် ဦးဆောင်ပြဖို့လိုတယ်။

ဒါမှသာ သူ့အပေါ်ယုံကြည်နိုင်မယ်။ ယုံကြည်မှုရှိလာမှ ရာသီတစ်လျှောက်လုံး လုပ်ရကိုင်ရလွယ်မယ်။ ပြောရရင် ဘောလုံးလောကဆိုတာ နဂိုကတည်းက ဖိအားများတယ်။ အသင်းကြီးတွေမှာဆိုရင် ပိုဆိုးတယ်။ ဒီလိုအခြေအနေမှာ ပရိသတ်ကရော၊ အသင်းအသိုင်းအဝိုင်းကပါ ကိုယ့်အပေါ်ယုံကြည်မှုရှိမှ။ ယုံကြည်မှုကိုလည်း မတည်ဆောက်နိုင်၊ ဖိအားကလည်းပြင်း၊ တိုင်းတာမှုပေတံကလည်းထူ ဆိုရင် ဘယ်လောက်ထက်မြက်တဲ့ နည်းပြပဲဖြစ်ပါစေ အသင်းကို တည်ငြိမ်အောင် ထိန်းဖို့ဆိုတာ သိပ်ခက်သွားနိုင်တယ်။ ဒီတော့ ဒီပွဲဟာ ဂွာဒီယိုလာအတွက် အမှားခံလို့ လုံးဝမရတဲ့ပွဲ။ နိုင်မှဖြစ်မယ့်ပွဲ။

ဒီတော့ မေးစရာဖြစ်လာတာက ဂွာဒီယိုလာအနေနဲ့ ဒီပွဲမှာနိုင်အောင်ရော စွမ်းပါ့မလားဆိုတဲ့ အချက်။ ဘိုင်ယန်ရဲ့ လက်ရှိစုဖွဲ့မှုက ထိပ်တန်းအဆင့်၊ အသင်းလိုက် အရည်အသွေး၊ တစ်ဦးချင်းခြေစွမ်း၊ စိတ်ဓာတ်နဲ့ ယုံကြည်မှု၊ ဘာမှလိုအပ်ချက်မရှိတဲ့အနေအထား။ ဒါပေမယ့် ဒေါ့မွန်ကလည်း လုံးဝလျှော့တွက်လို့မရတဲ့ အသင်း။ မနှစ်က ဘိုင်ယန်ဟာ ဒေါ့မွန်ကို ပြိုင်ပွဲအရပ်ရပ်အသာရခဲ့တာမှန်ပေမယ့် ပြတ်သားတဲ့ အသာရမှုမျိုးတွေ တစ်ခုမှမရှိဘူး။ ဘွန်ဒက်စ်လီဂါမှာ နှစ်ပွဲစလုံး သရေ။ ကျန်ပြိုင်ပွဲတွေမှာ နိုင်ပေမယ့် တစ်ဂိုးအသာနဲ့ချည်း နိုင်ခဲ့သလို ပွဲတိုင်းကလည်း ခက်ခက်ခဲခဲ။ ပြီးတော့ အဲဒီ ဒေါ့မွန်ရဲ့ အစုအဖွဲ့ကလည်း လက်ရှိအချိန်အထိ ဒီအတိုင်းနီးပါး။ လီဝမ်ဒေါ်စကီး၊ ဂန်ဒိုဂန်တို့ကအစ အသင်းမှာရှိသေးတယ်။ အဓိက အချက်ကတော့ ပြိုင်ပွဲဟာ ဒေါ့မွန်ရဲ့ကွင်းဖြစ်နေခြင်းပဲ။ ဒီတော့ ဒေါ့မွန်ဟာ ဘိုင်ယန်အတွက် ပြိုင်ဘက်ကောင်းဆိုတာမြင်သာသလို ဒီပွဲမှာ ဘိုင်ယန်နိုင်မယ်လို့ ယတိပြတ်ပြောနိုင်မလား။

ဂွာဒီယိုလာရဲ့ ရှေ့ခရီးက ဂျာမန်စူပါဖလားအပေါ်မှာ အဓိက တည်မှီနေတာတော့ ထင်ရှားတယ်။

လင်းဆက်



# 2013 World Aquatics Champions ပြိုင်ပွဲတွင်ဘရာဇီးနိုင်ငံအတွက်ပထမဆုံး ရွှေတံဆိပ်ဆုဆွတ်ခူးပေးနိုင်ခဲ့သူအိုကီမိုတို

ထက်အောင်

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အထိ ကျင်းပနေသည့် ၂၀၁၃ ခုနှစ် World Aquatics Champions ပြိုင်ပွဲ၏ အမျိုးသမီး ၁၀ ကီလိုမီတာ Open Water ရေကူးပြိုင်ပွဲအား ဇူလိုင်လ ၂၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဘရာဇီးနိုင်ငံသူ ပိုလီယာ နာအိုကီ မိုတိုစင်ထရာက ရွှေတံဆိပ်ဆု ဆွတ်ခူးသွားခဲ့သည်။ ပိုလီယာနာအိုကီ မိုတိုစင်ထရာ ရယူနိုင်ခဲ့သည့် ရွှေတံဆိပ်ဆုသည် ၂၀၁၃ခုနှစ် World Aquatics Champions ပြိုင်ပွဲတွင် ဘရာဇီးနိုင်ငံမှ ပထမဆုံးရရှိခဲ့သည့် ရွှေတံဆိပ်ဆုဖြစ်သည်။

အသက် ၃၀ အရွယ်ရှိ အိုကီမိုတိုသည် အဆိုပါပြိုင်ပွဲ၌ ၁း၅၈း၁၉ . ၂ ဖြင့် ချန်ပီယံဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ အိုကီမိုတို၏ တစ်နိုင်ငံတည်းမှ ပြိုင်ဘက်ဖြစ်သူ အန်နာမာဆီလာချူဟာက ၁း၅၈း၁၉ . ၅ ဖြင့် ငွေတံဆိပ်ဆုရရှိသွားခဲ့သည်။ ကြေးတံဆိပ်ဆုအား ဂျာမနီနိုင်ငံသူ အန်ဂျီလာမာယူရီ က ၁း၅၈း၂၀ . ၂ ဖြင့် ရရှိခဲ့သည်။

World Aquatics Champions ပြိုင်ပွဲ၏ အမျိုးသမီး ၁၀ ကီလိုမီတာ Open Water ရေကူးပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ပြိုင်ပွဲဝင် ၄၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အိုကီမိုတိုသည် ပြီးခဲ့သည့် ဇူလိုင် လ ၂၀ ရက်တွင် ကျင်းပခဲ့သည့် World Aquatics Champions ပြိုင်ပွဲ၏ အမျိုးသမီး ၅ ကီလိုမီတာ Open Water ရေကူးပြိုင်ပွဲတွင်လည်း ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အန်နာမာဆီလာချူဟာကလည်း ကြေးတံဆိပ် ရရှိခဲ့သည်။

ဂျာမနီနိုင်ငံသူ အန်ဂျီလာမာယူရီသည် ၁၀ ကီလိုမီတာ Open Water ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စဉ်က အသက် ၃၈ နှစ်ပြည့်ရန် လေးရက်သာလိုတော့၍ အဆိုပါ ပြိုင်ပွဲ၌ ဆုရရှိသူများအနက် အသက်အကြီးဆုံး ပြိုင်ပွဲဝင်အဖြစ် မှတ်တမ်းတင်ခြင်းခံခဲ့ရသည်။

အိုကီမိုတိုအတွက် ယခုနှစ် World Aquatics Champions ပြိုင်ပွဲ၌ ရရှိခဲ့သည့် ရွှေတံဆိပ်ဆုသည် သူ၏ World Aquatics Champions ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့မှုများ တစ်လျှောက် ပထမဆုံးအကြိမ် ရရှိခဲ့သည့် ရွှေတံဆိပ်လည်း ဖြစ်သည်။ အိုကီမိုတိုသည် ၂၀၀၉ ခုနှစ်တွင် အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပခဲ့သော World Aquatics Champions ပြိုင်ပွဲ အမျိုးသမီး ၅ ကီလိုမီတာ Open Water ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စဉ်က ကြေးတံဆိပ်ဆုသာ ဆွတ်ခူးနိုင်ခဲ့သည်။

**Open Water ရေကူးပြိုင်ပွဲ**

Open Water ရေကူးပြိုင်ပွဲသည် ပင်လယ် သို့မဟုတ် ရေကန်ကြီးများအတွင်း ယှဉ်ပြိုင်ကြရသည့် ရေကူးပြိုင်ပွဲ ဖြစ်သည်။

အဆိုပါ ရေကူးပြိုင်ပွဲအား ပထမဆုံး မွေးဖွားပေးခဲ့သူမှာ ဗြိတိန်နိုင်ငံသား လော့ဘိုင်ရွန်က စတင်မွေးဖွားပေးခဲ့ခြင်းဖြစ်ပြီး လော့ဘိုင်ရွန်သည် ၁၈၁၀ ပြည့်နှစ် မေလ ၃ ရက်တွင် ဂရိနှင့် တူရကီ နိုင်ငံကြားရှိ အာဂျီယန်ပင်လယ်နှင့် တူရကီနိုင်ငံရှိ ကုန်းတွင်းပင်လယ်ဖြစ်သည့် မာမာရာပင်လယ်တို့ကို ဆက်သွယ်ထားသည့် ဟယ်လီစပွန်ရေလက်ကြား၌ မိုင်အနည်းငယ် ကူးခတ်ခဲ့ခြင်းဖြင့် Open Water ရေကူးပြိုင်ပွဲကို စတင်မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

# ကမ္ဘာ့ အဆင့် ၁ နေရာအား ဆီရီနာဝီလျံဆက်လက်ထိန်းသိမ်း

ထက်အောင်

**ကမ္ဘာ့အမျိုးသမီးတင်းနစ်အဖွဲ့ (WTA) မှ ကမ္ဘာ့အမျိုးသမီး တင်းနစ်အားကစားသမားများ၏ ကမ္ဘာ့ရပ်တည်မှုအဆင့်သစ်ကို ပြီးခဲ့သည့် ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်လိုက်သည်။**

အဆိုပါ ရပ်တည်မှုအရ အမေရိကန်နိုင်ငံသူ ဆီရီနာဝီလျံသည် ကမ္ဘာ့အဆင့် ၁ နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ထို့အပြင် ယခုထုတ်ပြန်လိုက်သည့် ရပ်တည်မှုစာရင်း၌ အဆင့် ၁ မှ အဆင့် ၁၃ အတွင်း အပြောင်းအလဲ နှစ်ခုသာရှိခဲ့ပြီး ကျန်နေရာများမှာ မူလအဆင့်များတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ယခင်က ကမ္ဘာ့အဆင့် ၈ နေရာတွင် ရပ်တည်ခဲ့သည့် ချက်နိုင်ငံသူ ကီဗစ်တိုဗာသည် အဆင့် ၇ နေရာသို့ တက်ရောက်လာနိုင်ခဲ့ပြီး အဆင့် ၇ နေရာမှ ၂၀၁၃ ခုနှစ် ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ချန်ပီယံဆု ရယူနိုင်ခဲ့သည့် ပြင်သစ်နိုင်ငံသူ မာရီယွန် ဘာတိုလီမှာမူ အဆင့် ၈ နေရာသို့ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ဆီရီနာဝီလျံသည် ရမှတ် ၁၁၇၀၅ ဖြင့် ကမ္ဘာ့အဆင့် ၁ နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆင့် ၂ နေရာတွင် ရုရှားနိုင်ငံသူ ရှာရာပိုဗာက ရမှတ် ၉၂၃၅ ဖြင့်လည်းကောင်း၊ အဆင့် ၃ နေရာတွင် ဘီလာရုစ်နိုင်ငံသူ အဇာရန်ကာက ရမှတ် ၈၈၂၅ ဖြင့်လည်းကောင်း ရပ်တည်နိုင်ခဲ့သည်။

**Swedish Open ချန်ပီယံ ဆီရီနာဝီလျံ**

အသက် ၃၁ နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသူ ဆီရီနာဝီလျံသည် ပြီးခဲ့သည့် ဇူလိုင်လ ၁၃ ရက်မှ ၂၁ ရက်အထိ ဆွီဒင်နိုင်ငံ၌ ကျင်းပခဲ့သော WTA တင်းနစ်ပြိုင်ပွဲများအနက်က တစ်ပွဲဖြစ်သည့် Swedish Open အမျိုးသမီးတင်းနစ် ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆီရီနာဝီလျံသည် ဆွီဒင်နိုင်ငံသူ ဂျိုဟာနာလာဆင် အား ၆-၄၊ ၆-၁ ဖြင့် အနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ဆုကြေးငွေအဖြစ် ယူရို ၃၀၉၀၀၀ ဆွတ်ခူးခဲ့သည်။ အဆိုပါပြိုင်ပွဲ၌ ရရှိခဲ့သည့် ချန်ပီယံဆုသည် ဆီရီနာဝီလျံ၏ တင်းနစ်သက်တမ်းအတွင်း WTA တင်းနစ်ပြိုင်ပွဲများမှ ရရှိသည့် ၅၃ ခုမြောက် ချန်ပီယံဆုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

Swedish Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ခြင်းနှင့် ကမ္ဘာ့အဆင့် ၁ နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ခြင်းတို့သည် လာမည့်ဩဂုတ်လအတွင်း ကျင်းပမည့် ၂၀၁၃ ခုနှစ်၏ ဂရင်ဆလမ် တင်းနစ်ပြိုင်ပွဲ လေးခုအနက်မှ နောက်ဆုံးပြိုင်ပွဲဖြစ်သည့် US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ကာကွယ်ရမည့် ဆီရီနာဝီလျံအတွက် အားတက်စေသည့် ဖြစ်ရပ်များဖြစ်သည်ဟု ဆိုရ မည်ပင် ဖြစ်သည်။

**ဆီရီနာဝီလျံနှင့် 2013 US Open တင်းနစ်ပြိုင်ပွဲ**

ဆီရီနာ ဝီလျံသည် ဂရင်ဆလမ်ပြိုင်ပွဲများ၏ တစ်ဦးချင်း ချန်ပီယံဆု ၁၆ ခု ရရှိထားသူဖြစ်ပြီး ၂၀၁၂ ခုနှစ် US Open တင်းနစ်ချန်ပီယံဆုအပါအဝင် US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု လေးကြိမ် ရရှိထားသူဖြစ်သည်။

ဆီရီနာဝီလျံ၏ ဂရင်ဆလမ်ဆု ရရှိမှုမှတ်တမ်းများအရ သူမသည် ၂၀၀၉ ခုနှစ်မှ စတင်၍ ၂၀၁၂ ခုနှစ်အထိ တင်းနစ်ရာသီတစ်ရာသီလျှင် ဂရင်ဆလမ်ချန်ပီယံဆု နှစ်ဆု ရရှိခဲ့သည်။ ၂၀၁၃ ခုနှစ် တင်းနစ်ရာသီတွင်မူ ဆီရီနာဝီလျံသည် ဂရင်ဆလမ်ပြိုင်ပွဲများအနက်မှ ပြင်သစ်အိုးပင်းတင်းနစ် ပြိုင်ပွဲတွင်သာ ချန်ပီယံဆုရရှိထားသေးပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်၊ ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စတုတ္ထအဆင့်မှပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ထို့ကြောင့် ဆီရီနာဝီလျံအနေဖြင့် ၂၀၁၃ ခုနှစ် တင်းနစ်ရာသီ၏ ဂရင်ဆလမ်ပြိုင်ပွဲ လေးခုအနက်မှ နောက်ဆုံးပြိုင်ပွဲဖြစ်သည့် US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရယူနိုင်ရန် အထူးအားစိုက်ကြိုးပမ်းလာမည်မှာ အသေအချာပင် ဖြစ်သည်။

အကယ်၍ ဆီရီနာဝီလျံသည် ယခုနှစ် US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရယူနိုင်မည်ဆိုပါက ၂၀၁၃ ခုနှစ်တင်းနစ်ရာသီအား ကမ္ဘာ့အဆင့် ၁ နေရာဖြင့် ပိတ်သိမ်းနိုင်ရန် အလားအလာကောင်းသွားမည်ဖြစ်သည်။

**ဆီရီနာဝီလျံသည် ဂရင်ဆလမ်ပြိုင်ပွဲများ၏ တစ်ဦးချင်း ချန်ပီယံဆု ၁၆ ခု ရရှိထားသူဖြစ်ပြီး ၂၀၁၂ ခုနှစ် US Open တင်းနစ်ချန်ပီယံဆုအပါအဝင် US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု လေးကြိမ် ရရှိထား**



